## အခေါ်အဝေါ်အတိုကောက်များ

ASM Artisanal and Small-Scale Mining (လက်ယက်တွင်းများနှင့် အသေးစားလုပ်ငန်းများ)

Bbl Barrel (ရေနံစည်)

Bscf Billion Scf (ကုဗပေ ဘီလီယံ)

BO Beneficial Ownership (အန္တိမ အကျိုးအမြတ်ရရှိမှု)

CD Custom Department (အကောက်ခွန် ဦးစီးဌာန)

CIT Corporate Income Tax (ဝင်ငွေခွန်)

CSO Central Statistical Organization (ဗဟိုစာရင်းအင်းအဖွဲ့အစည်း)

CSR Cooperate Social Responsibility (လူမှုရေးတာဝန်ယူမှု လုပ်ငန်းအစီအစဉ်)

CT Commercial Tax (ကုန်သွယ်လုပ်ငန်းခွန်)

DGSE Department of Geological Survey and Mineral Exploration
(ဘူမိဗေဒ လေ့လာရေးနှင့်  ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန)

DHPP Department of Hydropower Planning (ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန)

EGTA Export Gas Transportation Agreement ပြည်ပသို့ သဘာဝဓာတ်ငွေ့ ပို့လွှတ်ရေး သဘောတူညီချက်

EITI တွင်းထွက် သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့

EPD Energy Planning Department (စွမ်းအင်စီမံဌာန)

EUR Euro (ဥရောပ ယူယိုငွေ)

FS Financial System (ငွေကြေးစနစ်)

GAPP Generally Accepted Accountability Principles (အများလက်ခံထားသော တာဝန်ယူမှု စံများ)

GOUM Government of the Union of Myannmar (ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်)

GPOA Gas Pipeline Operating Agreement (သဘာဝဓာတ်ငွေ့ပိုက်လိုင်း လည်ပတ်မှုဆိုင်ရာ
သဘောတူညီချက်)

IFCA International Federation of Accountants (နိုင်ငံတကာ စာရင်းစစ်များအဖွဲ့ချုပ်)

IFRS International Financial Reporting Standards (နိုင်ငံတကာ ဘဏ္ဍာရေး အစီရင်ခံခြင်း စံများ)

INTOSAI International Organization of Supreme Audit Institutions (နိုင်ငံတကာ လုပ်ငန်းစစ်အဖွဲ့များ အဖွဲ့အစည်း)

IOC International Oil Company (နိုင်ငံတကာ ရေနံကုမ္ပဏီ)

IPRC Improved Petroleum Recovery Contract (ရေနံတိုးတက်ဖြစ်ထွန်းမှုအပေါ် ခွဲဝေခံစားရေးစာချုပ်)

IRD Internal Revenue Department (ပြည်တွင်းအခွန်များ ဦးစီးဌာန)

JV (A) Joint Venture (Agreement) ဖက်စပ်လုပ်ငန်း (စာချုပ်)

Kg Kilograms (ကီလိုဂရမ်)

Km2 Square Kilometer (စတုရန်းကီလိုမီတာ)

MAC Myanmar Accountancy Council (မြန်မာနိုင်ငံ စာရင်းကောင်စီ)

MATA Myanmar Alliance for Transparency and Accountability (မြန်မာနိုင်ငံ ပွင့်လင်းမြင်သာမှု နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဖက် မဟာမိတ်အဖွဲ့)

MEB Myanmar Economic Bank (မြန်မာ့စီးပွားရေးဘဏ်)

MEC Myanmar Economic Cooperation (မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)

MOECAF Ministry of Environmental Conservation and Forestry (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)

MEITI Myanmar EITI (မြန်မာ EITI)

MEPE Myanmar Electric Power Enterprise (မြန်မာ့လျှပ်စစ်စွမ်းအားလုပ်ငန်း)

MFRS Myanmar Financial Reporting Standards (မြန်မာနိုင်ငံ ဘဏ္ဍာရေး အစီရင်ခံခြင်း စံများ)

MGE Myanmar Gems Enterprise (မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း)

MIC Myanmar Investment Commission (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်)

MICPA Myanmar Institute of Certified Public Accountants (မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း)

MMscf Million scf (ကုဗပေ သန်း)

MNPED Ministry of National Planning and Economic Development (အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန)

MNRMC Minerals and Natural Resources Management Committee (ဓာတ်သတ္တုနှင့် သဘာဝ အရင်းအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ)

MOE Ministry of Energy (စွမ်းအင်ဝန်ကြီးဌာန)

MOF Ministry of Finance (ဘဏ္ဍာရေးဝန်ကြီးဌာန)

MOGE Myanma Oil & Gas Enterprise (မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)

MPE Myanmar Petrochemical Enterprise (မြန်မာရေနံဓာတုဗေဒလုပ်ငန်း)

MPPE Myanmar Petroleum Products Enterprise (မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း)

Mscf Thousand scf (ကုဗပေ ထောင်ပေါင်း)

MSG Multi-Stakeholder Group (သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့)

MT Metric Ton (မက်ထရစ်တန်)

n/a Not applicable (မသက်ဆိုင်ခြင်း)

OAG Office of the Auditor General of the Union (ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)

Oz T troy ounce (ထရွိုင် အောင်စ၊ ၁ ထရွိုင်အောင်စ = ၃၁ ကီလိုဂရမ်)

PCC Performance Compensation Contracts (ဆောင်ရွက်မှုအပေါ် လျော်ကြေးပေးရေးစာချုပ်များ)

PFM Public Finance Management (ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှု)

PSC Production Sharing Contract (ထုတ်လုပ်မှုအပေါ် အကျိုးအမြတ်ခွဲဝေရေး စာချုပ်)

Scf Cubic Feet (ကုဗပေ)

SME Small and Medium Enterprises (အသေးစားနှင့် အလတ်စား လုပ်ငန်းများ)

SOE State-Owned Enterprises (နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ)

THB Thai Baht (ထိုင်းဘတ်ငွေ)

ToR Terms of Reference (လုပ်ငန်း တာဝန်နှင့် ဝတ္တရား)

Tscf Trillion Cubic Feet (ထရီလီယံ ကုဗပေ)

UMEHL Union of Myanmar Economic Holdings Ltd. (ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်)

US $-USD United States Dollars (အမေရိကန် ဒေါ်လာ)

# မာတိကာ[1]


**နိဒါန်း**

တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့

မြန်မာနိုင်ငံ EITI

ရည်ရွယ်ချက်

မိမိတို့ လုပ်ငန်းသဘာဝနှင့် အတိုင်းအတာ

သတင်းထိန်းသိမ်းမှု အာမခံချက်

**၁။ အနှစ်ချုပ်တင်ပြချက်**

(၁-၁) တွင်းထွက်သံယံဇာတကဏ္ဍမှ ရသောဝင်ငွေ

(၁-၂) ထုတ်လုပ်မှုနှင့် နိုင်ငံခြားတင်ပို့မှုများ

(၁-၃) ကိန်းဂဏန်းကောက်ယူမှု နှင့် တိုက်ဆိုင်စစ်ဆေးမှု နယ်ပယ်

(၁-၄) ကိန်းဂဏန်း ပြည့်စုံမှုနှင့် ခိုင်မာမှု

(၁-၅) မြန်မာနိုင်ငံ EITI လုပ်ငန်း တိုက်ဆိုင်စစ်ဆေးမှု ရလာဒ် အကျဉ်းချုပ်

**၂။ ချဉ်းကပ်ပုံနှင့် သုတေသနနည်းလမ်း**

(၂.၁) နယ်ပယ် လေ့လာမှု

(၂.၂) ကိန်းဂဏန်း ကောက်ယူမှု

(၂.၃) တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကွာခြားချက်များ စုံစမ်းဖော်ထုတ်ခြင်း

(၂.၄) မှီခိုအားထားနိုင်မှု (Reliability) နှင့် ယုံကြည်ကိုးစားနိုင်မှု (credibility)

(၂.၅) အစီရင်ခံမှု အခြေခံနှင့် ကာလ


[1] မာတိကာပါ အကြောင်းအရာ အပြည့်အစုံအား MEITI ပင်မအစီရင်ခံစာတွင် ကြည့်ရှုနိုင်သည်။

## ၃။ တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများအပေါ် လွှမ်းခြုံဆက်စပ်နေသော သတင်းအချက်အလက်များ

(၃.၁) မြန်မာနိုင်ငံ တွင်းထွက်သယံဇာတကဏ္ဍ

(၃.၂) ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ

(၃.၃) သတ္တုကဏ္ဍ

(၃.၄) ဘတ်ဂျက်လုပ်ငန်းစဉ်

(၃.၅) ငွေကြေးဆိုင်ရာလုပ်ပိုင်ခွင့် အောက်ခြေသို့ခွဲပေးခြင်း (Fiscal Devolution)

(၃.၆) အခွန်အခကောက်ခံခြင်း (Revenue Collection)

(၃.၇) လူမှုရေးအသုံးစရိတ်နှင့် အခြေခံအဆောက်အအုံတည်ရှိမှု (Infrastructure Provision)

(၃.၈) အန္တိမအကျိုးအမြတ်ရရှိမှု (Beneficial Ownership)

(၃.၉) တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့်ကဏ္ဍတွင် နိုင်ငံတော်ပါဝင်မှု

(၃.၁၀) မြန်မာနိုင်ငံတွင် လုပ်ငန်းစစ်ဆေးခြင်းနှင့် အာမခံခြင်းဆိုင်ရာ ကျင့်သုံးပုံများ

(၃.၁၁) စီးပွားရေးအပေါ် အထောက်အကူပြုမှု

## ၄။ တိုက်ဆိုင်စစ်ဆေးခြင်း ပြုလုပ်မည့် နယ်ပယ်သတ်မှတ်ခြင်း

(၄.၁) ငွေပေးချေမှု စီးဆင်းပုံများ ရွေးချယ်သတ်မှတ်ခြင်း

(၄.၂) အစီရင်ခံစာတွင် ပါဝင်မည့် ဌာန၊ ကုမ္ပဏီများ ရွေးချယ်သတ်မှတ်ခြင်း

## ၅။ တိုက်ဆိုင်စစ်ဆေးခြင်း ရလဒ်များ

(၅.၁) ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများမှ ငွေပေးချေမှုများ

(၅.၂) ကျောက်မျက်ရတနာနှင့် ကျောက်စိမ်း ကုမ္ပဏီများမှ ငွေပေးချေမှုများ

(၅.၃) အခြား တွင်းထွက်လုပ်ငန်း ကုမ္ပဏီများမှ ငွေပေးချေမှုများ

(၅.၄) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲပို့ငွေများ

## ၆. အခြားသတင်းအချက်အလက်များ

(၆.၁) နိုင်ငံပိုင်လုပ်ငန်းများမှ ကြေညာထားသော ထုတ်လုပ်မှုနှင့် တင်ပို့မှု/ရောင်းချမှု

(၆.၂) တိုက်ဆိုင်စစ်ဆေးခြင်းနယ်ပယ်တွင် မပါဝင်သော ကုမ္ပဏီများမှ အစိုးရလက်ခံရရှိမှုများ

(၆.၃) ရေနံနှင့် သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်မှုဆိုင်ရာ အခွန်ဝင်ငွေများ

(၆.၄) နိုင်ငံတော်ထုတ်လုပ်မှုအပိုင်းမှ ရောင်းရဝင်ငွေများ

(၆.၅) နိုင်ငံပိုင်လုပ်ငန်းများမှ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲပို့ငွေများ

(၆.၆) လူမှုရေးအသုံးစရိတ်နှင့် အခြေခံအဆောက်အအုံတည်ရှိမှု (Infrastructure Provision)

(၆.၇) ဘဏ္ဍာရေးအသုံးစရိတ်ဟု ပုံဖမ်းသုံးစွဲသည့် လူမှုဆိုင်ရာ အသုံးစရိတ်များ (Quasi-fiscal expenditures)

## ၇. အကြံပြုချက်များ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁၊ တွင်းထွက်ကုမ္ပဏီများ အကြောင်းအကျဉ်းချုပ်

နောက်ဆက်တွဲ ၂၊ တရားဝင် ပိုင်ဆိုင်မှု (Legal Ownership)

နောက်ဆက်တွဲ ၃၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် တွက်ချက်ပြင်ဆင်အတည်ပြုမှုများ

နောက်ဆက်တွဲ ၄၊ ကျောက်မျက်ရတနာနှင့် ကျောက်စိမ်း ကဏ္ဍတွင် တွက်ချက်ပြင်ဆင်အတည်ပြုမှုများ

နောက်ဆက်တွဲ ၅၊ အခြားသတ္တုများကဏ္ဍ တွက်ချက်ပြင်ဆင်အတည်ပြုမှုများ

နောက်ဆက်တွဲ ၆၊ ထုတ်လုပ်မှုနှင့် တင်ပို့မှု အသေးစိတ်အချက်များ

နောက်ဆက်တွဲ ၇၊ အစီရင်ခံစာ ပုံစံ

နောက်ဆက်တွဲ ၈၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် တိုက်ဆိုင်စစ်ဆေးသည့် ပုံစံများ

နောက်ဆက်တွဲ ၉၊ ငွေပေးချေမှု စီးဆင်းပုံ ရှင်းလင်းဖော်ပြချက်

နောက်ဆက်တွဲ ၁၀၊ လုပ်ပိုင်ခွင့်ပေးထားသော လုပ်ငန်းလိုင်စင်များ နှင့် အသေးစိတ် ဆက်စပ်အချက်အလက်များ

နောက်ဆက်တွဲ ၁၁၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် ခွင့်ပြုခဲ့သော လုပ်ငန်းလိုင်စင်များ

နောက်ဆက်တွဲ ၁၂၊ ၂၀၁၃-၁၄ ခုနှစ် မြန်မာ EITI အစီရင်ခံစာအတွက် တိုက်ဆိုင်စစ်ဆေးမှုတွင် ဆက်သွယ်၊ ပါဝင်ခဲ့သူများ။

# နိဒါန်း

## တွင်းထွက် သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI)[2]

EITI လုပ်ငန်းသည် သဘာဝအရင်းအမြစ်များအား ပွင့်လင်းပြီး၊ တာဝန်ခံမှုရှိစွာ စီမံခန့်ခွဲနိုင်ရေး အားပေးအားမြှောက် ပြုရန်အတွက် ကမ္ဘာ့စံသတ်မှတ်ချက်တစ်ခုဖြစ်ပါသည်။ ဤလုပ်ငန်းအနေဖြင့် အစိုးရနှင့် ပုဂ္ဂလိက ကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှု နှင့် စီမံခန့်ခွဲမှု စနစ်များ အားကောင်းလာစေရေး၊ လူထုဆွေးနွေးပွဲများအတွက် သတင်း အချက်အလက် မျှဝေ ပေးနိုင်ရေးနှင့် ယုံကြည်မှု တိုးမြှင့်နိုင်ရေးတို့အတွက် ရည်ရွယ်လုပ်ဆောင်ပေးခြင်း ဖြစ်သည်။ ထို့သို့ဖြစ်လာစေရန် အကောင်အထည်ဖော်နေသောနိုင်ငံတိုင်းတွင် အစိုးရများ၊ ကုမ္ပဏီများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်သော ညွန့်ပေါင်းအဖွဲ့တစ်ခုမှ ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါသည်။

တွင်းထွက် သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (EITI) ကို လိုအပ်ကြောင်းကို ၂၀၀၂ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံ၊ ဂျိုးဟန်းနက်(စ်)ဘတ်(သ်)မြို့ (Johannesburg) မြို့၌ ကျင်းပသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ကမ္ဘာ့ထိပ်သီးညီလာခံ (၂၀၀၂ ကမ္ဘာ့မြေထိပ်သီးညီလာခံ) တွင် စတင်ဆော်အောခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် လန်ဒန်မြို့၌ EITI အခြေခံစည်းမျဉ်းတစ်ရပ် (the EITI Methodology) ကို သယံဇာတပေါကြွယ်ဝသော နိုင်ငံများ၊ သယံဇာတူးဖော်မှုလုပ်ကိုင်သော ကုမ္ပဏီများ၊ လူထုအခြေပြု အဖွဲ့အစည်းများမှ  တရားဝင် သဘောတူညီခဲ့ကြောင်း ကြေညာခဲ့သည်။ လက်ရှိကာလတွင် အာဖရိက၊ အာရှ၊ ဥရောပနှင့် အမေရိကတိုက်တို့မှ နိုင်ငံပေါင်း (၄၉) နိုင်ငံ၌ EITI စံနှုန်းနှင့် လုပ်ငန်းစဉ်များကို အကောင် အထည်ဖော် နေပြီဖြစ်သည်။

EITI စံသတ်မှတ်ချက်တွင် နိုင်ငံများအလိုက် EITI အဖွဲ့ဝင်လောင်း (Candidate) ဖြစ်ရန်နှင့် တင်းပြည့် အဖွဲ့ဝင် (Compliant) နိုင်ငံ ဖြစ်လာစေရန် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များကို ပြဌာန်းထားသည်။ ဤစံသတ်မှတ်ချက်မှီ/မမှီ ကို အစိုးရများ၊ ကုမ္ပဏီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်သော နိုင်ငံတကာ EITI ဘုတ်အဖွဲ့မှ စောင့်ကြည့် အကဲဖြတ်ပေးပါသည်။

[2] သတင်းရင်းမြစ် - https://eiti.org/eiti

## မြန်မာနိုင်ငံ EITI[3]

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းတွင် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှုဖြင့် EITI အဖွဲ့ဝင်နိုင်ငံဖြစ်ရန် စတင်လုပ်ဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ် မေလတွင် မြန်မာနိုင်ငံအနေဖြင့် EITI အဖွဲ့ဝင်လောင်းနိုင်ငံဖြစ်လာရန် EITI ဘုတ်အဖွဲ့သို့ လျှောက်လွှာတင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် မက္ကဆီကိုနိုင်ငံ၌ကျင်းပသော EITI ဘုတ်အဖွဲ့၏ (၂၇) ကြိမ်မြောက်အစည်းအဝေးမှ မြန်မာနိုင်ငံ အဖွဲ့ဝင်လောင်းလျှောက်ထားမှုကို လက်ခံအတည်ပြုခဲ့ပြီး၊ ပထမဆုံးအကြိမ် EITI အစီရင်ခံစာကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလထက်နောက်မကျပဲ ထုတ်ပြန်ရန် သတ်မှတ်ပေးခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် EITI တင်းပြည့် အဖွဲ့ဝင်နိုင်ငံအဆင့်အတန်းဖြစ်နိုင်ရန်အတွက် EITI စံနှုန်းလိုအပ်ချက် (၇) ချက် ပြည့်မီစေရေးဆောင်ရွက်သွားရန် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအထိ အချိန်ရထားပါသည်။

မြန်မာနိုင်ငံတွင် EITI လုပ်ငန်း အကောင်အထည်ဖော်မှုကို ကြီးကြပ်ရန် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ (MSG) ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ (၁၈) ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ဤသုံးပွင့်ဆိုင်အဖွဲ့တွင် အစိုးရ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကုမ္ပဏီများမှ ကိုယ်စားလှယ် (၂၁) ဦး ပါဝင်ပါသည်။ ထို့အပြင် အစိုးရ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကုမ္ပဏီများမှ ကိုယ်စားလှယ်များ ပါဝင်သော အစီရင်ခံစာ နှင့် နည်းပညာပိုင်း ဆိုင်ရာ၊ ဆက်သွယ်ရေး နှင့် ပြင်ပဆက်ဆံရေးဆိုင်ရာ၊ MEITI Workplan ပါ လုပ်ငန်းအစီအစဉ်ဦးစားပေး ရွေးချယ်ခြင်းနှင့် စီမံမှုဆိုင်ရာ လုပ်ငန်းများ ရှေ့ဆက် လုပ်ဆောင်ရန်အတွက် ဆပ်ကော်မတီ (၃) ခုကို ဖွဲ့စည်းခဲ့ပြီး ဖြစ်သည်။ သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်းအဖွဲ့၏ တာဝန်နှင့် ဝတ္တရားများ၊ အဖွဲ့ဝင်များနှင့် ပတ်သက်သော အခြားသတင်းအချက်အလက် အသေးစိတ်များကို ဤအဖွဲ့ဖွဲ့စည်းခြင်းဆိုင်ရာ အစိုးရထုတ်ပြန်ကြေညာချက်တွင် ဖော်ပြပြီးဖြစ်သည်။[4]

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်း မြင်သာမှုဖော်ဆောင်ရေး (MEITI) ၏ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုကဏ္ဍများ၏ ငွေကြေး စီးဆင်းပုံအကြောင်းနှင့်ပတ်သက်ပြီး EITI စံနှုန်းနှင့်အညီ ထုတ်ပြန်သည့် ပထမဆုံး အစီရင်ခံစာဖြစ်ပြီး၊ ၂၀၁၃ ခုနှစ် ဧပြီလ (၁) ရက်နေ့ မှ ၂၀၁၄ ခုနှစ် မတ်လ (၃၁) ရက် အထိ ကာလအတွက် တွက်ချက်တိုက်ဆိုင်စစ်ဆေးမှုများကို ဖော်ပြထားသည်။

[3] သတင်းရင်းမြစ် - http://myanmareiti.org/what-eiti

[4] https://eiti.org/files/Annex_07052014_op.pdf

## ရည်ရွယ်ချက်

ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ တွင်းထွက်လုပ်ငန်းများ ဆောင်ရွက်နေကြသည့် ကုမ္ပဏီများမှ အစိုးရသို့ ပေးဆောင်ထားသော အခွန်၊အခဆိုင်ရာ ကိန်းဂဏန်း၊အချက်အလက်များ ("ကုမ္ပဏီများ"ဟု ခေါ်ဝေါ်ထားသည်) နှင့် သက်ဆိုင်ရာ အစိုးရဝန်ကြီး ဌာနများနှင့် ဌာနအဖွဲ့အစည်းများမှ ကုမ္ပဏီများမှ ကောက်ခံရရှိသော အခွန်၊အခများ၊ အစိုးရဝန်ကြီးဌာနများ၊ ဌာနအဖွဲ့အစည်းများအကြားလွှဲပြောင်း ပေးချေမှုများနှင့် သက်ဆိုင်သော ကိန်းဂဏန်း၊ အချက်အလက်များကို တိုက်ဆိုင် စစ်ဆေး ကြည့်ရန်ဖြစ်သည် ("အစိုးရ ဌာနအဖွဲ့အစည်းများ" ဟု ခေါ်ဝေါ်ထားသည်)

ဤတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း၏ အလုံးစုံသော ရည်မှန်းချက်များမှာ နိုင်ငံ့စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများအတွက် တွင်းထွက်လုပ်ငန်းများ၏ အခန်းကဏ္ဍကို သိရှိနိုင်ရန်ဖြစ်သည်။ ထို့အပြင် တွင်းထွက်သယံဇာတတူးဖော် ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ရေး (EITI) စံနှင့် သတ်မှတ်ချက်များကို အပြည့်အဝ အကောင်အထည်ဖော်ပေးပြီး၊ အရင်းအမြစ်ဆိုင်ရာ စီမံအုပ်ချုပ်မှု တိုးတက်ကောင်းမွန်မှုကို ဖော်ဆောင်ပေးနိုင်ရန်ဖြစ်သည်။

မြန်မာနိုင်ငံသုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (MEITI-MSG)၏ ဆုံးဖြတ်ချက်အရ တွင်းထွက်လုပ်ငန်းကဏ္ဍတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ကျောက်မျက်နှင့် ကျောက်စိမ်း၊ အခြားဓာတ်သတ္တု ကဏ္ဍများဟူ၍ မြန်မာနိုင်ငံ၏ EITI (MEITI) နယ်ပယ်အား ကဏ္ဍခွဲ (၃) ခု သတ်မှတ်ထားသည်။

## လွတ်လပ်သော တိုက်ဆိုင်စစ်ဆေးရေးအဖွဲ့ (Independent Administrator-IA) ၏ လုပ်ငန်းသဘာဝနှင့် အတိုင်းအတာ

လွတ်လပ်သော တိုက်ဆိုင်စစ်ဆေးသူ အနေဖြင့် အစီရင်ခံစာပြုစုသည့်လုပ်ငန်းစဉ်နှင့် တိုက်ဆိုင်စစ်ဆေးသည့် လုပ်ငန်းစဉ်အား နိုင်ငံတကာ စာရင်းစစ် စံနှုန်းများနှင့်အညီ လုပ်ဆောင်ခဲ့ပါသည်။ ဘဏ္ဍာရေး သတင်းအချက်အလက်များနှင့် ပတ်သက်ပြီး သဘောတူထားသော လုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ရန် International Financial Reporting Standards - IFRS (နိုင်ငံတကာ ဘဏ္ဍာရေး အစီရင်ခံခြင်း စံများ) ၊ (ISRS 4400 ကိုထည့်သွင်းကျင့်သုံးခြင်း) စာရင်းတိုက်ဆိုင်စစ်ဆေးမှုလုပ်ငန်းစဉ်များမှာ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ သဘောတူထားသည့် လုပ်ငန်း တာဝန် နှင့် ဝတ္တရား (ToR) နှင့် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ အတည်ပြုထားသော MEITI နယ်ပယ်အတွင်းမှ ဆောင်ရွက်ခြင်းဖြစ်သည်။

အသုံးပြုခဲ့သော တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်များသည် နိုင်ငံတကာ စာရင်းစစ် စံနှုန်းများ (သို့မဟုတ်) ပြန်လည်သုံးသပ်ခြင်းလုပ်ငန်းဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပြီး စာရင်းစစ်ဆေးမှုနှင့် ပြန်လည် သုံးသပ်မှုသည် MEITI-MSG နှင့် ကနဦး သဘောတူထားသော မူဘောင်ကို ကျော်လွန်ခြင်း မရှိခဲ့ပါ။ သို့ဖြစ်ရာ ဤအစီရင်ခံစာတွင် ပါရှိသော ထုတ်ပြန်ထားချက်များသည် MEITI နယ်ပယ်ထက်ပိုပြီး ငွေကြေး

အဝင်အထွက်များ၊ MEITI နယ်ပယ်ပြင်ပ ကိစ္စရပ်များကိုလည်း ဤလုပ်ငန်းစဉ်တွင် ထည့်သွင်းလုပ်ဆောင်ခြင်း မရှိသဖြင့် မည်သည့်အာမခံချက်မျှ မပေးနိုင်ပါ။

မြန်မာနိုင်ငံ၏ ပထမအကြိမ် EITI အစီရင်ခံစာတွင် အောက်ဖော်ပြပါ အခန်း (၇) ခန်း ပါဝင်သည်။

- အနှစ်ချုပ်တင်ပြချက်
- တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်အပေါ် ချဉ်းကပ်ပုံနှင့် သုတေသနနည်းလမ်း
- တွင်းထွက်လုပ်ငန်းများအပေါ် လွှမ်းခြုံဆက်စပ်နေသော သတင်းအချက်အလက် ဖော်ပြချက်
- တိုက်ဆိုင်စစ်ဆေးခြင်း ပြုလုပ်မည့် နယ်ပယ်သတ်မှတ်ခြင်း
- အစိုးရ နှင့် ကုမ္ပဏီများမှ EITI စံနှုန်း၊ အချက်အလက်ထုတ်ပြန်သည့်မူဘောင် (MEITI Template) အရ ထုတ်ပြန်ထားသော ပေးပို့လာသော ကိန်းဂဏန်းများ အပေါ် တိုက်ဆိုင်စစ်ဆေးခြင်း ရလဒ်များ
- EITI စံနှုန်း၏ လိုအပ်ချက်အရ ထုတ်ပြန်ထားသော အခြားသတင်းအချက်အလက်များ
- မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်အပေါ် ဤအစီရင်ခံစာ၏ တွေ့ရှိချက်များ၊ အနာဂတ်တွင် မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်း ပိုမိုကောင်းလာရန် အကြံပြုချက်များ

ပုဂ္ဂလိက ကုမ္ပဏီများ၊ အစိုးရ ဌာနအဖွဲ့အစည်းများနှင့် အခွန်စီးဆင်းမှုများမှ တွက်ချက်ထုတ်ပြန်ထားသော၊ တိုင်ဆိုင်စစ်ဆေးထားသော ကိန်းဂဏန်းများ၊ အစိုးရအဖွဲ့အစည်းများ မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုခဲ့သော လုပ်ငန်းလိုင်စင်များ၊ အချက်အလက်များကို နောက်ဆက်တွဲအဖြစ် ပင်မအစီရင်ခံစာတွင် ဖော်ပြထားသည်။ ဤအစီရင်ခံစာပါ ငွေကြေးတန်ဖိုး ပမာဏများကို အခြားနိုင်ငံခြားငွေဖြင့် ဖော်ပြထားချက် မှအပ မြန်မာကျပ်ငွေဖြင့် တွက်ချက်ထား သည်။

ဤအစီရင်ခံစာတွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၁၆) ရက်နေ့အထိ တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်အတွက် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ သဘောတူပြီး EITI စံနှုန်းအရ အချက်အလက် ထုတ်ပြန်သည့်မူဘောင် (MEITI Template) တွင် အစိုးရအဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ လွတ်လပ်သောတိုက်ဆိုင်စစ်ဆေးသူ (IA)ထံသို့ ထုတ်ပြန်တင်သွင်းထားသော ကိန်ဂဏန်း၊ သတင်း အချက်အလက်များကိုသာ ထည့်သွင်း တွက်ချက်ထား သည်။ ဤကာလနောက်ပိုင်း ရရှိလာသော သတင်းအချက်အလက်များကို ထည့်သွင်းထားခြင်းမရှိပါ။

# ၁။ အနှစ်ချုပ်တင်ပြချက်

တွင်းထွက်သယံဇာတတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (EITI)စံနှုန်း အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်၏ အဓိကလုပ်ငန်းစဉ်အဆင့်ဖြစ်သော၊ မြန်မာနိုင်ငံ တွင်းထွက်လုပ်ငန်း ကဏ္ဍမှ ထွက်ပေါ်လာသည့် အခွန် (Tax Revenue) နှင့် အခွန်မဟုတ်သော အခကြေးငွေများ (Non-tax Revenue) ကို တိုက်ဆိုင်စစ်ဆေးရာမှ ထွက်ပေါ်လာသည့် သတင်း အချက်အလက်များကို ဤအစီရင်ခံစာတွင် အကျဉ်းချုပ်တင်ပြထားသည်။ ထို့အပြင် တွင်းထွက် သယံဇာတတူးဖော်သည့် ကုမ္ပဏီများအပေါ် အစိုးရ အဖွဲ့အစည်းများ၊ နိုင်ငံပိုင်စီးပွါးရေးလုပ်ငန်းများ (SOE) က ကောက်ခံ ရရှိထားသော အခွန်ဘဏ္ဍာ ဝင်ငွေများနှင့် ၄င်းနိုင်ငံပိုင်စီးပွါးရေးလုပ်ငန်းများမှတဖန် နိုင်ငံတော် ရသုံးမှန်းခြေ ငွေစာရင်း (ဘတ်ဂျက်) အတွက် ထည့်ဝင် ပေးသော ငွေစီးဆင်းမှုများအပေါ် တိုက်ဆိုင် စစ်ဆေးခြင်းကိုလည်း ဤအစီရင်ခံစာတွင် ထည့်သွင်း ထားသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ (၆) ရက်တွင် ကျင်းပသော သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက် နှင့်အညီ လက်ရှိတိုက်ဆိုင်စစ်ဆေးခြင်းတွင် ပါဝင်ရန်သတ်မှတ်ထားသော တွင်းထွက်လုပ်ငန်းများ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ကျောက်မျက်နှင့် ကျောက်စိမ်း၊ အခြားသတ္တုလုပ်ငန်းဟူ၍ ကဏ္ဍ (၃) ခုပါဝင်သည်။

## (၁-၁) တွင်းထွက်သံယံဇာတကဏ္ဍမှ ရသောဝင်ငွေ

၂၀၁၃ ခုနှစ် ဧပြီလ (၁) ရက်နေ့မှ ၂၀၁၄ ခုနှစ် မတ်လ (၃၁) ရက်နေ့အထိကာလအတွင်း အစိုးရဌာနများမှ အစီရင်ခံထားသော MEITI Template နှင့် ငွေလက်ခံဖြတ်ပိုင်းများကို တိုက်ဆိုင်စစ်ဆေးအပြီး အောက်ပါအတိုင်း အနှစ်ချုပ် ဖော်ပြ ထားသည်။

## တွင်းထွက်လုပ်ငန်းများမှ ကောက်ခံရရှိသော ဝင်ငွေများ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် တွင်းထွက်လုပ်ငန်းများမှ ကောက်ခံရရှိသော ဝင်ငွေစုစုပေါင်းမှာ မြန်မာကျပ်ငွေ သန်းပေါင်း ၃,၀၁၁,၂၈၃[5] ဖြစ်သည်။ တွင်းထွက်ကဏ္ဍမှ ရရှိသောဝင်ငွေများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍဝင်ငွေမှ ၈၅%၊ ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍဝင်ငွေမှ ၁၃% နှင့် အခြားသတ္တုကဏ္ဍမှ ၂% ပါဝင်သည်။ ဤဝင်ငွေ အသေးစိတ်များကို အောက်ပါ ဇယားတွင် ဖော်ပြထားသည်။

**ဇယား (၁) ကဏ္ဍအလိုက် မြန်မာတွင်းထွက်လုပ်ငန်းမှ အခွန်ဘဏ္ဍာဝင်ငွေများ**

*မြန်မာ ကျပ်သန်းပေါင်း*


| ကဏ္ဍခွဲ | အခွန် (Tax) | အခ (Non-tax) | လူမှုရေးဆိုင်ရာ အသုံးစရိတ်များ | စုစုပေါင်း အခွန်ဘဏ္ဍာ | % |
|---|---|---|---|---|---|
| ရေနံ နှင့် သဘာဝဓာတ်ငွေ့(*) | ၄၃၃ ,၂၈၅ | ၂,၁၂၉,၉၇၂ | ၅,၇၃၆ | ၂,၅၆၈,၉၉၃ | ၈၅% |
| ကျောက်မျက် နှင့် ကျောက်စိမ်း | - | ၃၈၀,၁၉၇ | ၈,၅၇၀ | ၃၈၈,၇၆၇ | ၁၃% |
| အခြား သတ္တုများ | ၃,၃၀၃ | ၄၈,၂၀၃ | ၂,၀၁၇ | ၅၃,၅၂၃ | ၂% |
| **စုစုပေါင်း** | **၄၃၆,၅၈၈** | **၂,၅၅၈,၃၇၂** | **၁၆,၃၂၃** | **၃,၀၁၁,၂၈၃** | **၁၀၀%** |

(*) ရေနံ နှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းဖြတ်သန်းခများပါဝင်သည်။

---

[5] သတင်းရင်းမြစ်- တွက်ချက်ပြင်ဆင်အတည်ပြုပြီး အစိုးရဌာနအဖွဲ့အစည်းများမှ အစီရင်ခံထားသော EITI ကိန်းဂဏန်းများ

**ပုံ (၁) အခွန်ဘဏ္ဍာဝင်ငွေ နှိုင်းယှဉ်မှုအရွယ်အစားနှင့် ကဏ္ဍများ**




တွင်းထွက်ကုမ္ပဏီများမှ လက်ခံရရှိသော ဝင်ငွေများမှာ မြန်မာကျပ်ငွေ သန်းပေါင်း ၃,ဂ၁၁,၂၈၃ (တွက်ချက်ပြင်ဆင်အတည်ပြုပြီး) ဖြစ်ပြီး၊ ကောက်ခံရရှိသော တွင်းထွက်လုပ်ငန်းဆိုင်ရာ စုစုပေါင်း အခွန်ဘဏ္ဍာဝင်ငွေ၏ ၈၅% နှင့် ညီမျှသည့် မြန်မာ ကျပ်ငွေ သန်းပေါင်း ၂,၅၅၄,၅၆၂ ကို နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း (SOE) မှ အဓိက ကောက်ခံရရှိခဲ့ခြင်းဖြစ်သည်။ အစိုးရဌာနအဖွဲ့အစည်းများနှင့် ဝင်ငွေအရင်းအမြစ်ဆိုင်ရာ (Source of revenues) အသေးစိတ်အချက်များကို အောက်ပါဇယားတွင် ဖော်ပြထားသည်။[6]

**ဇယား (၂) တွင်းထွက်လုပ်ငန်းဆိုင်ရာ အခွန်ဘဏ္ဍာဝင်ငွေများ ကောက်ယူမှု**

*မြန်မာကျပ်သန်းပေါင်း*

| | တွင်းထွက်လုပ်ငန်းဆိုင်ရာ အခွန်ဘဏ္ဍာဝင်ငွေများ ကောက်ယူမှု | | | | | |
|---|---|---|---|---|---|---|
| | SOE | MOECAF | သတ္တုတွင်း ဦးစီးဌာန (DOM) | ပြည်တွင်းအခွန် (IRD)-အကောက်ခွန် | လူမှုရေးဆိုင်ရာ ပေးဆောင်မှုများ | စုစုပေါင်း |
| **ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍခွဲ** | ၂,၁၂၉,၉၇၂ | - | - | ၄၃၃,၂၈၅ | ၅,၇၃၆ | ၂,၅၆၈,၉၉၃ |
| *မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း* | - | - | - | - | - | - |
| *ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများ (ငွေကြေးဖြင့် ပေးဆောင်မှု)*[7] | ၁,၈၆၈,၁၉၃ | - | - | ၁၅ဝ,၅၇ဝ | ၅,၇၃၆ | ၂,ဝ၂၄,၄၉၉ |
| *နိုင်ငံတော်၏ ထုတ်လုပ်မှုဝေစုမှ ရောင်းချမှုများ*[8] | ၇၂,၄၉ဝ | - | - | - | - | ၇၂,၄၉ဝ |
| *ရေနံနှင့်သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများ* | ၁၉၉,၂၈၉ | - | - | ၂၈၂,၇၁၅ | - | ၄၇၂,ဝဝ၄ |
| **ကျောက်မျက်နှင့်ကျောက်စိမ်းကဏ္ဍခွဲ** | ၃၈ဝ,၁၉၇ | - | - | - | ၈,၅၇ဝ | ၃၈၈,၇၆၇ |
| *မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း* | - | - | - | - | - | - |
| *ကျောက်စိမ်း နှင့် ကျောက်မျက်ရတနာ တူးဖော် ရောင်းချသော ကုမ္ပဏီများ* | ၃၈ဝ,၁၉၇ | - | - | - | ၈,၅၇ဝ | ၃၈၈,၇၆၇ |

[6] သတင်းရင်းမြစ်- တွက်ချက်ပြင်ဆင်အတည်ပြုပြီး အစိုးရဌာနအဖွဲ့အစည်းများမှ အစီရင်ခံထားသော EITI ကိန်းဂဏန်းများ
[7] MOGE နှင့်IRDမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ သယ်ယူပို့ဆောင်သော ကုမ္ပဏီများထံမှ ကောက်ခံရရှိသော အခွန်များ
[8] MOGE မှ MPE သို့ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ရောင်းချမှုမှ ရရှိသော အခွန်များ

| အခြားသတ္တု ကဏ္ဍများ | ၄၄,၃၉၃ | ၅၂၇ | ၃,၂၈၄ | ၃,၃၀၂ | ၂,၀၁၇ | ၅၃,၅၂၃ |
|---|---|---|---|---|---|---|
| **အမှတ် (၁) သတ္တုတွင်း လုပ်ငန်း** | ၇,၁၈၅ | - | ၁၈၁ | ၂၇၅ | ၁,၅၂၄ | ၉,၁၆၅ |
| *အမှတ်(၁) သတ္တုတွင်း၏ ကြီးကြပ်မှုအောက်တွင် လုပ်ကိုင်နေသော ကုမ္ပဏီများ* | ၂,၇၄၄ | - | ၁၈၁ | ၂၇၅ | ၁,၅၂၄ | ၄,၇၂၄ |
| *နိုင်ငံတော်၏ ထုတ်လုပ်မှုဝေစုမှ ရောင်းချမှုများ*[9] | ၄,၄၄၁ | - | - | - | - | ၄,၄၄၁ |
| အမှတ် (၁) သတ္တုတွင်း လုပ်ငန်း | - | - | - | - | - | - |
| **အမှတ် (၂) သတ္တုတွင်း လုပ်ငန်း** | ၃၄,၂၀၅ | ၂၂ | ၂၂၇ | ၁,၀၀၀ | ၁၉ | ၃၅,၄၇၃ |
| *အမှတ်(၂) သတ္တုတွင်း၏ ကြီးကြပ်မှု အောက်တွင် လုပ်ကိုင်နေသော ကုမ္ပဏီများ* | ၇၆၃ | ၂၂ | ၂၂၇ | ၁,၀၀၀ | ၁၉ | ၂,၀၃၁ |
| *နိုင်ငံတော်၏ ထုတ်လုပ်မှုဝေစုမှ ရောင်းချမှုများ*[10] | ၃၃,၄၄၂ | - | - | - | - | ၃၃,၄၄၂ |
| အမှတ် (၂) သတ္တုတွင်း လုပ်ငန်း | - | - | - | - | - | - |
| **အမှတ် (၃) သတ္တုတွင်း လုပ်ငန်း** | ၃,၀၀၃ | ၁၃ | ၇၉၈ | ၂,၀၂၇ | ၄၇၄ | ၆,၃၁၅ |
| *အမှတ်(၃) သတ္တုတွင်း၏ ကြီးကြပ်မှု အောက်တွင် လုပ်ကိုင်နေသော* | ၃,၀၀၃ | ၁၃ | ၇၉၈ | ၂,၀၂၇ | ၄၇၄ | ၆,၃၁၅ |
| *ကုမ္ပဏီများ* | - | - | - | - | - | - |
| **သတ္တုတွင်းဦးစီးဌာနမှ MEITI နယ်ပယ်ပြင်ပ ကုမ္ပဏီများမှ ကောက်ခံရရှိသော အခွန်၊ အခ လုံးရင်းပေါင်း** | - | - | ၂,၀၇၈ | - | - | ၂,၀၇၈ |
| **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန (MOECAF) မှ MEITI နယ်ပယ်ပြင်ပ ကုမ္ပဏီများမှ ကောက်ခံရရှိသော အခွန်၊ အခ လုံးရင်းပေါင်း** | - | ၄၉၂ | - | - | - | ၄၉၂ |
| **စုစုပေါင်း** | ၂,၅၅၄,၅၆၂ | ၅၂၆ | ၃,၂၈၄ | ၄၃၆,၅၈၇ | ၁၆,၃၂၃ | ၃,၀၁၁,၂၈၃ |

## နိုင်ငံပိုင်စီးပွါးရေးလုပ်ငန်းများ (SOEs) မှ လွှဲပေးမှုများ

အထက်ပါ ကာလအပိုင်းအခြား(ဘဏ္ဍာရေးနှစ် ၂၀၁၃-၁၄) အတွက် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ ကောက်ခံရရှိခြင်းမှလွှဲပေးမှုများမှာ မြန်မာကျပ်ငွေသန်းပေါင်း ၂,၆၇၆,၁၃၉ ဖြစ်ပြီး၊ ၅၈% နှုန်းနှင့် ညီမျှသော ကျပ်သန်းပေါင်း ၁,၅၄၂,၆၅၃ ကို "နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေစာရင်း (လုပ်ငန်းသုံးရင်းနှီးငွေ)၊ (SOE Other Account)" တွင် ထိန်းသိမ်းထားသည်။[11]

---

[9] နိုင်ငံပိုင်ဝေစုမှ ရောင်းချမှုများအား နိုင်ငံပိုင်စီးပွါးရေးလုပ်ငန်းများမှ လက်ခံရရှိမှုများ

[10] Ibid

[11] နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ စီးပွားရေးဆန်ဆန်ဆောင်ရွက်ရေးနှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် ရပ်တည်နိုင်ရေးမူအရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် အသားတင်အကျိုးအမြတ်၏ (၅၅)ရာခိုင်နှုန်းကို လုပ်ငန်းသုံးရင်းနှီးငွေအတွက် ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ (SOE Other Account) အဖြစ် လာမည့်ဘဏ္ဍာရေးနှစ်သို့ သယ်ဆောင်သွားနိုင်သည်။ ထို လုပ်ငန်းသုံးရင်းနှီးငွေအား ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဘဏ္ဍာရေးစည်းမျဉ်းနှင့် အညီ အစိုးရအဖွဲ့ နှင့် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် သုံးစွဲနိုင်သည်။

**ဇယား (၃) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက ကောက်ခံထားသည့် အခွန်ဘဏ္ဍာငွေများကို လွှဲပေးမှုများ**

*မြန်မာကျပ်သန်းပေါင်း*

| နိုင်ငံပိုင်စီးပွါးရေး လုပ်ငန်းများ (SOEs) | SOE များမှ ကောက်ခံ ရရှိမှု ပမာဏ | SOE များမှ နိုင်ငံတော်ဘတ်ဂျက်သို့ လွှဲပြောင်းပေးမှုများ | | | SOE များ၏ ကိုယ်ပိုင်ဘဏ္ဍာ ရန်ပုံငွေစာရင်း | စုစုပေါင်း |
|---|---|---|---|---|---|---|
| | | ပြည်တွင်းအခွန်/ အကောက် ခွန် | သတ္တု တွင်း ဦးစီးဌာန | နိုင်ငံတော် သို့ ထည့်ဝင်ငွေ | | |
| မြန်မာ့ရေနံ နှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်း | ၂,၁၂၉,၉၇၂ | ၆၅၅,၀၅၅ | - | ၂၂၅,၃၉၃ | ၁,၃၂၀,၁၇၅ | ၂,၂၀၀,၆၂၃ |
| မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း | ၃၈၀,၁၉၇ | ၁၈၀,၀၆၉ | - | ၄၈,၃၆၇ | ၁၉,၅၁၆ | ၄၂၃,၉၅၂ |
| အမှတ် (၁)၊ (၂) နှင့် (၃) သတ္တုတွင်းလုပ်ငန်းများမှ စုစုပေါင်းငွေ | ၄၈,၉၀၂ | ၉,၅၇၃ | ၆,၀၁၅ | ၉,၀၁၄ | ၂၆,၉၆၂ | 51,563 |
| အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | ၇,၁၈၅ | ၅၉၀ | ၄,၄၄၁ | ၄၇၂ | ၂,၄၃၆ | ၇,၉၃၈ |
| အမှတ် (၂) သတ္တုတွင်းလုပ်ငန်း | ၃၄,၂၀၅ | ၇,၅၁၅ | ၁,၅၇၄ | ၇,၂၂၅ | ၂၀,၉၆၃ | ၃၇,၂၇၇ |
| အမှတ် (၃) သတ္တုတွင်းလုပ်ငန်း | ၃,၀၀၃ | ၁,၄၆၈ | - | ၁,၃၁၇ | ၃,၅၆၃ | ၆,၃၄၈ |
| စုစုပေါင်း | ၂,၅၅၄,၅၆၂ | ၈၄၄,၆၉၇ | ၆,၀၁၅ | ၂၈၂,၇၇၄ | ၁,၅၄၂,၆၅၃ | ၂,၆၇၆,၁၃၉ |

မြန်မာနိုင်ငံ တွင်းထွက်လုပ်ငန်းဝင်ငွေများ ကောက်ယူမှုလုပ်ငန်းစဉ်အတွက် ထပ်မံရှင်းပြချက်များကို ပင်မအစီရင်ခံစာ အခန်း (၃.၆) တွင် ထည့်သွင်းဖော်ပြထားသည်။

## တွင်းထွက်ကဏ္ဍမှ အစိုးရ ငွေလက်ခံရရှိမှုများ


၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွက် တွင်းထွက်လုပ်ငန်း ကဏ္ဍဝင်ငွေများကို မြန်မာငွေစာရင်းရှင်းတမ်းများတွင် မှတ်တမ်း တင်ရာ၌ မြန်မာကျပ်ငွေသန်းပေါင်း ၃,၁၁၆,၅၃၇ ရှိပါသည်။ ဤဝင်ငွေများကို နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများက "နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေစာရင်း (လုပ်ငန်းသုံး ရင်းနှီးငွေ)၊ (SOE Other Account)" တွင် အဓိက မှတ်တမ်းတင် ထိန်းသိမ်းထား သည်။ ၂၀၁၃-၁၄ ခုနှစ် အတွက် နိုင်ငံပိုင်လုပ်ငန်းများ၏ အသားတင် လက်ခံရရှိငွေမှာ ကျပ်သန်းပေါင်း ၁,၅၄၂,၆၅၃ အထိရှိပြီး၊ ရေနံနှင့် သဘာဝဓါတ်ငွေ့၊ သတ္တုတူးဖော်ရေးလုပ်ငန်းမှ အစိုးရ ငွေလက်ခံရရှိမှု စုစုပေါင်းဝင်ငွေ၏ ၄၉% ကို ကိုယ်စားပြုသည်။ ထို့အပြင် နိုင်ငံတော်စီးပွားရေးလုပ်ငန်းများမှ တစ်ဆင့်လွှဲပြောင်းပေးမှု ပမာဏသည် ၃၆% ရာခိုင်နှုန်းကိုယ်စားပြုပြီး ပြည်တွင်းအခွန်များဦးစီးဌာန၏ အခွန်ငွေပမာဏသည် ၁၄ % ကိုယ်စားပြုသည်။

ဤဝင်ငွေစီးဆင်းမှု အသေးစိတ်များကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

**ဇယား (၄) ကဏ္ဍအလိုက် အစိုးရမှ ကောက်ခံရရှိသော အခွန်ငွေ စုစုပေါင်း**

| | ရေနံနှင့် သဘာဝ ဓာတ်ငွေ့ | ကျောက်စိမ်း နှင့် ကျောက်မျက် | အခြား သတ္တုများ | စုစုပေါင်း | % |
|---|---|---|---|---|---|
| SOE များမှ အသားတင် ရငွေ | ၁,၃၂၀,၁၇၅ | ၁၉၅,၅၁၆ | ၂၆,၉၆၂ | ၁,၅၄၂,၆၅၃ | ၄၉% |
| အခွန်များ | ၄၃၃,၂၈၅ | - | ၃,၃၀၃ | ၄၃၆,၅၈၈ | ၁၄% |
| SOEsများမှ လွှဲပြောင်း ရရှိငွေများ | ၈၈၀,၄၄၉ | ၂၂၈,၄၃၆ | ၂၄,၆၀၁ | ၁,၁၃၃,၄၈၆ | ၃၆% |
| အခများ | - | - | ၃,၈၀၉ | ၃,၈၀၉ | ၀% |
| **စုစုပေါင်း** | **၂,၆၃၃,၉၀၈** | **၄၂၃,၉၅၂** | **၅၈,၆၇၆** | **၃,၁၁၆,၅၃၆** | **၁၀၀%** |

**ပုံ (၂) ကဏ္ဍအလိုက် မှ အစိုးရ လက်ခံရရှိမှုများကို ခွဲဝေခြင်း**




## မြန်မာ့စီးပွားရေးအတွက် အရေးပါမှု

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အဆိုအရ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် တွင်းထွက်တူးဖော်ထုတ်လုပ်မှု ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ) သည် ခန့်မှန်းချေအားဖြင့် မြန်မာကျပ်ငွေသန်းပေါင်း ၃,၄၆၇,၆၂၀[12] (သို့မဟုတ်) ကျပ်သန်းစုစုပေါင်း ၅၈,၀၁၂,၇၅၄.၅ ရှိသော တနိုင်ငံလုံး ဂျီဒီပီ၏ ၆% ရှိသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တွင်းထွက်ကဏ္ဍမှ နိုင်ငံတော်ဝင်ငွေအတွက် ဖြည့်ဆည်းပေးမှုမှာ မြန်မာကျပ်ငွေသန်းပေါင်း ၃,၁၁၆,၅၃၇ ဖြစ်ပြီး၊ မြန်မာကျပ်ငွေသန်းစုစုပေါင်း ၁၃,၂၁၄, ၂၂၉ ရှိသော မြန်မာနိုင်ငံ စုစုပေါင်း ဝင်ငွေ၏ ၂၃.၆% ကို ကိုယ်စားပြုခဲ့သည်။[13]

ဗဟိုစာရင်းအင်းအဖွဲ့အစည်း ထုတ်ပြန်ချက်အရ နိုင်ငံခြားသို့ သဘာဝဓာတ်ငွေ့ တင်ပို့ရောင်းချမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်းပေါင်း ၃,၂၉၉.၂ ဖြစ်ပြီး၊ ကျောက်စိမ်းတင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁,၀၁၁.၆ သန်း ဖြစ်ကာ၊ ၎င်းတို့နှစ်ခုပေါင်းတန်ဖိုးမှာ နိုင်ငံထုတ်ကုန် စုစုပေါင်း တန်ဖိုး၏ ၃၈.၅% ရှိသည်။[14]


ဤတွင်းထွက်ကဏ္ဍတခုလုံးမှ အလုပ်အကိုင်ပေးထားမှု အထောက်အထား အချက်အလက်များကို ယခု အစီရင်ခံစာပြင်ဆင်ချိန်တွင် ကောက်ခံနိုင်ခဲ့ခြင်း မရှိပါ။ ပင်မအစီရင်ခံစာ၏ MEITI နယ်ပယ်ပါ ရွေးချယ်ထားသော ကုမ္ပဏီ (၅၇) ခုမှ အလုပ်သမားပေါင်း ၁၈,၅၅၉ ကို တိုက်ရိုက် အလုပ်ပေးနိုင်ခဲ့ပြီး၊

[12] အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန- လက်ရှိတန်ဖိုးများနှင့်တွက်ချက်ထားသော ဂျီဒီပီ
[13] ၂၀၁၃ ပြည်ထောင်စု ဘဏ္ဍာငွေအရအသုံးစာရင်း (ဘတ်ဂျက်) ဥပဒေမှ စုစုပေါင်း နိုင်ငံတော်ဝင်ငွေများ
[14] သတင်းရင်းမြစ် - ဗဟိုစာရင်းအင်းအဖွဲ့အစည်းမှ လစဉ်ထုတ်ပြန်သော ကိန်းဂဏန်းများ စုစည်းထားချက်၊ မေလ၊ ၂၀၁၅။

ဤပမာဏသည် ၂၀၁၃[15] ခုနှစ်တွင် တနိုင်ငံလုံးစုစုပေါင်း အလုပ်သမား အရေအတွက် ၈,၇၃၁,၆၇၈ ဦး ၏ ၀.၂% ဖြစ်သည်။

အောက်ဖော်ပြပါပုံများတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၌ တွင်းထွက်ကဏ္ဍမှ ဂျီဒီပီအတွက် ဖြည့်ဆည်းပေးမှု၊ နိုင်ငံတော်ဝင်ငွေနှင့် နိုင်ငံခြားတင်ပို့မှု အချက်အလက်များကို ဖော်ပြထားသည်။ နောက်ထပ် အသေးစိတ် အချက်အလက်များကိုလည်း ပင်မအစီရင်ခံစာ၏ အခန်း (၃.၁၁) တွင် ဆက်လက်ဖော်ပြထားသည်။

**ပုံ (၃) တွင်းထွက်ကဏ္ဍအတွက် မက်ခရိုစီးပွားရေး အညွှန်းကိန်းများ (၂၀၁၃-၁၄ ဘဏ္ဍာနှစ်)**




## (၁-၂) ထုတ်လုပ်မှုနှင့် နိုင်ငံခြားတင်ပို့မှုများ


### ရေနံနှင့် သဘာဝဓာတ်ငွေ့

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) မှ အစီရင်ခံသော ကိန်းဂဏန်းများအရ ၂၀၁၃ ခုနှစ် ဧပြီလမှ ၂၀၁၄ ခုနှစ် မတ်လ အတွင်း လုပ်ကွက်များမှ မှ ရေနံစိမ်း စည်ပေါင်း ၅,၉၅၇,၂၂၄ နှင့် သဘာဝဓာတ်ငွေ့ ကုဗပေ သန်းပေါင်း ၄၆၂,၁၇၄ (MMscf) ကို ထုတ်လုပ်နိုင်ခဲ့သည်။ ထုတ်လုပ်မှု တန်ဖိုး ပမာဏသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) မှထုတ်သော အချက်အလက်များအရ ရေနံအတွက် အမေရိကန်ဒေါ်လာ ၅၁၅ သန်း (မြန်မာကျပ်ငွေ သန်းပေါင်း ၄၉၅, ၁၉၀) နှင့် သဘာဝဓာတ်ငွေ့ အတွက် အမေရိကန်ဒေါ်လာ ၄,၀၈၀ (မြန်မာကျပ်ငွေ သန်းပေါင်း ၃,၉၁၈,၆၉၅) ဖြစ်သည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) မှ တင်ပြသော ကိန်းဂဏန်းများအရ နိုင်ငံခြားသို့တင်ပို့သော ရေနံ တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၈၂ သန်းရှိပြီး၊ သဘာဝဓာတ်ငွေ့ တန်ဖိုးမှာ ဒေါ်လာသန်း ၃,၆၄၀ ဖြစ်သည်။ ပျမ်းမျှ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း (Average Brent) မှာ ရေနံ စည်တစ်တိုင်ကီ အတွက် အမေရိကန်ဒေါ်လာ ၁၀၅.၇၂ ဖြစ်ပြီး၊ သဘာဝဓာတ်ငွေ့ ကုဗပေ တစ်သန်းအတွက် အမေရိကန်ဒေါ်လာ ၉၇၆၇.၄၈ ဖြစ်သည်။

[15] ၂၀၁၅ ခုနှစ် မေလတွင် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနမှ ထုတ်ပြန်သော စုစုပေါင်း အလုပ်သမားအရေအတွက်

### ပုံ (၄) ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုနှင့် တင်ပို့မှု (အမေရိကန် ဒေါ်လာသန်းပေါင်း)




## ကျောက်မျက်နှင့် ကျောက်စိမ်း

၂၀၁၃ ခုနှစ် ဧပြီလမှ ၂၀၁၄ ခုနှစ် မတ်လအတွင်း ကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲ (၂) ခုတွင် ကျောက်မျက် အလေးချိန် ၂,၃၆၁,၁၇၂ ကာရက်နှင့် ကျောက်စိမ်း ၆,၂၄၅ တန် ကို ရောင်းချခဲ့သည်။ ဤကျောက်မျက်ပြပွဲ (၂) ခုတွင် ရောင်းချခဲ့သော ကျောက်မျက်နှင့် ကျောက်စိမ်း တန်ဖိုးပမာဏမှာ မြန်မာကျပ်ငွေ သန်းပေါင်း ၁,၄၇၁, ၁၃၀ (အမေရိကန်ဒေါ်လာ သန်းပါင်း ၁,၅၃၁.၆၁) ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (MGE) မှ အစီရင်ခံသည့် ကိန်းဂဏန်းများအရ နိုင်ငံခြားသို့ တင်ပို့ခဲ့သော ကျောက်မျက် တန်ဖိုးပမာဏမှာ အမေရိကန်ဒေါ်လာ ၆.၅၆ သန်းဖြစ်ပြီး ကျောက်စိမ်းတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၄၄၄.၁၇ သန်းဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အစီရင်ခံထားသည့် အလေးချိန်ပမာဏနှင့် တန်ဖိုးများသည် ကျောက်မျက်ပြပွဲတွင် တင်ပြရောင်းချသော အချက်အလက်များကိုသာ အခြေခံ ထားခြင်း ဖြစ်သည်။

### ဇယား (၅) ကျောက်မျက်ပြပွဲတွင် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချမှု

| | ကျောက်မျက် (ကာရက်) | ကျောက်စိမ်း (တန်) | တန်ဖိုး (မြန်မာကျပ် သန်းပေါင်း) | တန်ဖိုး (အမေရိကန် ဒေါ်လာသန်းပေါင်း)[16] |
|---|---|---|---|---|
| ကျောက်မျက်ပြပွဲ (ယူရို)[17] | ၉၄၉,၉၈၅ | | ၆,၂၉၉ | ၆.၅၆ |
| | | ၃,၃၇၁ | ၁,၃၈၇,၁၄၃ | ၁,၄၄၄.၁၇ |
| ကျောက်မျက်ပြပွဲ (မြန်မာကျပ်ငွေ) | ၁,၄၁၁,၁၈၇ | | ၁,၈၅၉ | ၁.၉၄ |
| | | ၂,၈၇၄ | ၇၅,၈၂၈ | ၇၈.၉၅ |
| **စုစုပေါင်း** | ၂,၃၆၁,၁၇၂ | ၆,၂၄၅ | ၁,၄၇၁,၁၃၀ | ၁,၅၃၁.၆၁ |

[16] အမေရိကန်ဒေါ်လာ ၁ = ၉၆၀.၅၁၂၁ မြန်မာကျပ်

[17] MGE မှ အစီရင်ခံတင်ပြမှု အတိုင်း ကျောက်စိမ်း နှင့် ကျောက်မျက် တင်ပို့မှု

## အခြားသတ္တုများ


သတ္တုတွင်းဝန်ကြီးဌာန၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှကြေညာထားသည့်အခြားဓာတ်သတ္တုများ ထုတ်လုပ်မှု တန်ဖိုးမှာ မြန်မာကျပ်ငွေသန်းပေါင်း ၂၅၄,၆၇၅ ရှိပြီး၊ ၄င်းတို့ကို တင်ပို့/ရောင်းချခဲ့မှု တန်ဖိုးမှာ မြန်မာကျပ်ငွေသန်းပေါင်း ၄၃,၆၂၁ ရှိသည်။အောက်ပါဇယားတွင် ဤအခြားသတ္တုများကဏ္ဍမှ စုစုပေါင်း ထုတ်လုပ်မှုနှင့် တင်ပို့မှုအတွက် ဓာတ်သတ္တုအမျိုးအစားများအုပ်စုအလိုက် ပါဝင်မှုတန်ဖိုးများကို ဖော်ပြ ထားသည်။

**ဇယား (၆) အခြားဓာတ်သတ္တုများ ထုတ်လုပ်မှုနှင့် တင်ပို့မှု/ ရောင်းချမှု**

| အခြားသတ္တုများ | ထုတ်လုပ်မှုတန်ဖိုး (မြန်မာကျပ်သန်းပေါင်း) | % | တင်ပို့ရောင်းချမှု (မြန်မာကျပ်သန်းပေါင်း) | % |
|---|---|---|---|---|
| သံ၊ သွပ်၊ ကြေးနီ၊ သံ နှင့် ခနောက်စိမ်း (အမှတ် (၁) သတ္တုတွင်းလုပ်ငန်း အစီရင်ခံတင်ပြမှုမှ) | ၈,၇၇၅ | ၄% | ၉,၀၅၇ | ၂၁% |
| ရွှေ၊ ခဲမဖြူ၊ သံကြွပ်ချို နှင့် ရိုးလိုက် (အမှတ် (၂) သတ္တုတွင်းလုပ်ငန်း အစီရင်ခံတင်ပြမှုမှ) | ၄၁,၀၈၇ | ၁၆% | ၃၃,၄၄၂ | ၇၆% |
| ကျောက်မီးသွေး၊ မန်ဂနီ၊ နီကယ်၊ Barite နှင့် ထုံးကျောက် (အမှတ် (၃) သတ္တုတွင်းလုပ်ငန်း အစီရင်ခံတင်ပြမှုမှ) | ၂၀၄,၈၁၃ | ၈၀% | ၁,၁၂၃ | ၃% |
| **စုစုပေါင်း** | **၂၅၄,၆၇၅** | **၁၀၀%** | **၄၃,၆၂၁** | **၁၀၀%** |

အောက်တွင်ဖော်ပြထားသောပုံတွင် ၂၀၁၃ ခုနှစ်အတွက် သတ္တုတွင်းထုတ်လုပ်မှုနှင့် တင်ပို့မှုများအတွက် သတ္တုအမျိုးအစားများ အုပ်စုအလိုက် ပါဝင်မှုတန်ဖိုး ရာခိုင်နှုန်းများကို ပုံဖော်ပြထားသည်။

**ပုံ (၅) သတ္တုအလိုက် (အခြားဓာတ်သတ္တု) ထုတ်လုပ်မှုနှင့် တင်ပို့မှု/ရောင်းချမှု**



## (၁.၃) ကိန်းဂဏန်းကောက်ယူခြင်းနှင့် တိုက်ဆိုင်စစ်ဆေးမှု နယ်ပယ်

### ငွေပေးချေခြင်း စီးဆင်းမှုနှင့် အစီရင်ခံမည့် အချက်အလက်များ

ပထမအကြိမ်ထုတ်ပြန်မည့် မြန်မာ EITI အစီရင်ခံစာတွင် ၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွက် တွင်းထွက်ကဏ္ဍ ဝင်ငွေများကို အစီရင်ခံရာ၌ အောက်ပါကဏ္ဍများ ထည့်သွင်းရန် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ (MEITI-MSG) က သဘောတူညီထားသည်။

- ရေနံနှင့် သဘာဝဓာတ်ငွေ့ (ပိုက်လိုင်းဖြတ်သန်းခများအပါအဝင်)
- သတ္တုကဏ္ဍ (တရားဝင် ကျောက်မျက်ပြပွဲ အချက်အလက်များပေါ်တွင် အခြေခံသော ကျောက်စိမ်းနှင့် ကျောက်မျက်များကဏ္ဍ အပါအဝင်)

တိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာ သတ်မှတ်နယ်ပယ်တွင် ဝင်ငွေစီးဆင်းမှုများ၌ အောက်ပါတို့ပါဝင်သည်။

- အစီရင်ခံရန် သတ်မှတ်ထားသည့် MIEITI နယ်ပယ်တွင်းရှိ ကုမ္ပဏီများမှ ပေးဆောင်သော အခွန်ပေးဆောင်မှု (tax payments) အားလုံးနှင့် အခွန်မဟုတ်သော အခပေးချေမှု (non-tax payments) များနှင့်၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွင်း အစိုးရ ဌာနအဖွဲ့အစည်းများမှ လက်ခံရရှိသော (သို့မဟုတ်) အခြား အစိုးရဌာနအဖွဲ့အစည်းများထံသို့ လက်ခံရရှိကြောင်း အစီရင်ခံထားသော ဝင်ငွေ/လွှဲငွေများ။
- ၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွင်း နိုင်ငံပိုင်စီးပွါးရေးလုပ်ငန်းများမှ အစီရင်ခံထားသော လွှဲငွေများ အားလုံးနှင့်၊ အစိုးရဌာနအဖွဲ့အစည်းများမှ လက်ခံရရှိသော (သို့မဟုတ်) ၎င်းအဖွဲ့အစည်းများသို့ အစီရင်ခံထားသော ဝင်ငွေများ။

သတ်မှတ်ထားသည့် MEITI နယ်ပယ် ၌မပါဝင်သည့် ကုမ္ပဏီများ၏ ပေးချေမှုများ၊ နိုင်ငံတော်မှ ပါဝင်မှုကြောင့်ရရှိသော ရှယ်ယာများ (State share)၊ လူမှုရေးဆိုင်ရာပေးချေမှုများ (Social payments) ကို ဤအစီရင်ခံစာတွင် ထုတ်ပြန်ထားသော်လည်း ၎င်းပေးချေမှုများအပေါ် တိုက်ဆိုင်စစ်ဆေးထားခြင်း မရှိပါ။ ပြည်တွင်းအခွန်များဦးစီးဌာန နှင့် အကောက်ခွန်ဦးစီးဌာနမှ ကောက်ခံရရှိသော ဝင်ငွေများတွင် MEITI နယ်ပယ်ပြင်ပရှိ ကုမ္ပဏီများ၏ ပေးချေမှုများကို ထည့်သွင်းထားခြင်းမရှိပါ။

### တွင်းထွက်တူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများ

ပထမအကြိမ် မြန်မာနိုင်ငံ EITI အစီရင်ခံစာအတွက် တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်များတွင် ရေနံနှင့် သဘာဝဓါတ်ငွေ့၊ ကျောက်မျက်/ကျောက်စိမ်း နှင့် အခြားသတ္တုကဏ္ဍမှ ကုမ္ပဏီ (၄၄) ခုကို ထည့်သွင်းရန် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ သတ်မှတ်ခဲ့သည်။ ထိုကုမ္ပဏီများ၏ အမည်စာရင်းများကို ပင်မအစီရင်ခံစာ အခန်း (၄.၂) တွင် ဖော်ပြထားသည်။

ပင်မအစီရင်ခံစာအခန်း (၄.၂.၂) တွင်ဖော်ပြထားသည့် ကျောက်မျက်/ကျောက်စိမ်း နှင့် အခြားသတ္တုလုပ်ငန်း လုပ်ကိုင်နေသည့် ကုမ္ပဏီများသည် ၂၀၁၃-၁၄ ဘဏ္ဍာန အတွင်း ထိုကဏ္ဍအတွက် စုစုပေါင်း အခွန်ဘဏ္ဍာငွေကောက်ခံရရှိမှုအနက်မှ ဤ MEITI နယ်ပယ်တွင် ပါဝင်ရန် အခွန်ဘဏ္ဍာငွေရှုထောင့်မှ ယုတ္တိတန်ခြင်းကိုသတ်မှတ်ချက် (Materiality Threshold) ဖြစ်သော ကျောက်စိမ်းနှင့် ကျောက်မျက် အတွက်

မြန်မာငွေကျပ်သန်းပေါင်း ၁၀ ဘီလီယံနှင့် အခြား သတ္တုများ အတွက် ကျပ်သန်းပေါင်း ၀.၂၅ ဘီလီယံကို ပြည့်မီသော ကုမ္ပဏီများဖြစ်ပြီး ၄င်းတို့ကို တိုက်ဆိုင် စစ်ဆေးခြင်းလုပ်ငန်းစဉ်တွင် ထည့်သွင်းခဲ့သည်။

ရေနံနှင့် သဘာဝဓာတ်ငွေ့အတွက်မှု အခွန်ဘဏ္ဍာငွေရှုထောင့်မှ ယုတ္တိတန်ခြင်းကို သတ်မှတ်ချက် (Materiality Threshold) ကို ထားရှိခြင်းမရှိဘဲ လုပ်ကွက်များတွင် တူးဖော်နေသော ရေနံနှင့် သဘာဝ ဓာတ်ငွေ့ ကုမ္ပဏီများအားလုံးအား MEITI နယ်ပယ်တွင် ထည့်သွင်းရန် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ သဘောတူထားသည်။ ဤသတ်မှတ်ချက်ကြောင့် တိုက်ဆိုင် စစ်ဆေးခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ရန် ရေနံနှင့်သဘာဝဓါတ်ငွေ့ ကုမ္ပဏီ (၁၃) ခုကိုရွေးချယ်နိုင်ခဲ့သည်။ ၄င်းကုမ္ပဏီများကို အခန်း ပင်မအစီရင်ခံစာ (၄.၂.၁) တွင် ဖော်ပြထားပါသည်။


အောက်ပါဇယားတွင် တိုက်ဆိုင်စစ်ဆးမှုတွင် ကဏ္ဍအလိုက် ကိုယ်စားပြုမှုပမာဏ (coverage) နှင့် အစိုးရဌာန/ ကုမ္ပဏီအရေအတွက် အသေးစိတ်ကို ဖော်ပြထားသည်။

**ဇယား (၇) တိုက်ဆိုင်စစ်ဆေးမှုတွင် ကဏ္ဍအလိုက် ကိုယ်စားပြုမှု ပမာဏများ**

| EITI နယ်ပယ် | သက်ရောက်အကျုံးဝင်မှု | | |
|---|---|---|---|
| အကျုံးဝင်သော ကဏ္ဍ | ရေနံ နှင့် သဘာဝဓာတ်ငွေ့ | ကျောက်စိမ်း နှင့် ကျောက်မျက် | သတ္တု |
| **ရွေးချယ်ခံရသော ကုမ္ပဏီ အရေအတွက်** | ၁၃ | ၃၀ | ၁၄ |
| **ရွေးချယ်ခံရသော အစိုးရဌာနများ** | ၃ | ၁ | ၇ |
| **အခွန်ဘဏ္ဍာငွေရှုထောင့်မှ ယုတ္တိတန်ခြင်းကို သတ်မှတ်ချက် (Materiality)** | ကုမ္ပဏီအားလုံး | ၁၀ သန်း (မြန်မာကျပ်) | ၀.၂၅ သန်း (မြန်မာကျပ်) |
| **ကဏ္ဍအလိုက် ကိုယ်စားပြုမှု** [1] | ၁၀၀% | ၅၃% | ၄၅% |
| **တိုက်ဆိုင်စစ်ဆေးမှု၏ ပျမ်းမျှ ကိုယ်စားပြုမှု**[2] | | ၉၂.၃% | |

အောက်ဖော်ပြပါပုံများတွင် ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်အတွက် ကဏ္ဍတစ်ခုစီအလိုက် တိုက်ဆိုင်စစ်ဆေးမှု တွင် ပါဝင်သည့်ပမာဏကို ပုံဖော်ပြထားသည်

**ပုံ (၆) တိုက်ဆိုင်စစ်ဆေးရာတွင် ကဏ္ဍအလိုက် ကိုယ်စားပြုမှု ပမာဏ**




---

[1] The % of coverage is calculated, excluding the social payments, Oil & Gas transportation revenues and revenues from the sale of state's share of production

[2] Ibid

### အစိုးရဌာနအဖွဲ့အစည်းများ

MEITI နယ်ပယ်ပါ တွင်းထွက်လုပ်ငန်းနှင့် ပတ်သက်သည့် အခွန်ဘဏ္ဍာငွေများ ပေးဆောင်ထားသည့် ကုမ္ပဏီများမှ ဝင်ငွေလက်ခံရရှိနေသည့် အစိုးရဌာန အဖွဲ့အစည်းများအားလုံးကို EITI လုပ်ငန်း နယ်ပယ်တွင် ထည့်သွင်းထားပြီး၊ EITI စံနှုန်းအရ အချက်အလက်ထုတ်ပြန်သည့် မူဘောင် (MEITI template) တင်သွင်းခြင်း နှင့် တိုက်ဆိုင် စစ်ဆေးခြင်းတွင်ပါဝင်ရန် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ ဆုံးဖြတ်ထားသည်။ ဤသတ်မှတ်ချက်များအပေါ် မူတည်ပြီး၊ အစိုးရဌာနအဖွဲ့အစည်း (၁၁) ခုကို မြန်မာနိုင်ငံ EITI ၏ တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်း နယ်ပယ်တွင် ထည့်သွင်းရန် သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့မှ ဆုံးဖြတ် ထားသည်။ ၎င်းလုပ်ငန်းဌာနများကို ပင်မအစီရင်ခံစာ၏ အခန်း (၄.၂.၃) တွင် ဖော်ပြထားသည်။

## (၁-၄) ကိန်းဂဏန်း ပြည့်စုံမှုနှင့် ခိုင်မာမှု

### သတ်မှတ်နယ်ပယ် ပြည့်စုံမှု

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့မှ သဘောတူထားသည့်အတိုင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းနယ်ပယ် (MEITI Scope) တွင် မထည့်သွင်းထားသော MEITI နယ်ပယ်ပြင်ပရှိ ကုမ္ပဏီများမှ ကောက်ခံရရှိသည့် အခွန်ငွေများ (ဝင်ငွေခွန် နှင့် အကောက်ခွန်) ကို ဘဏ္ဍာရေး ဝန်ကြီးဌာန အောက်ရှိ အစိုးရဌာန အဖွဲ့အစည်းများဖြစ်သည့် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အကောက်ခွန် ဦးစီးဌာနတို့မှ ထုတ်ပြန်ခြင်း မရှိခဲ့ပါ။ သို့ဖြစ်ရာ ၎င်းအခွန်ဝင်ငွေများသည် မြန်မာနိုင်ငံ တွင်းထွက်ကဏ္ဍ၏ စုစုပေါင်း ဘဏ္ဍာဝင်ငွေကို တွက်ချက်ရာတွင် မပါဝင်ခဲ့ပေ။

သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဆုံးဖြတ်ချက် နှင့် ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍ အကန့်အသတ်များ ကြောင့် ကျောက်မျက်ပြပွဲကို အခြေခံသော ကိန်းဂဏန်းများသာ ဤကဏ္ဍတွင် ထည့်သွင်း ထားခြင်း ဖြစ်သည်။ သို့ဖြစ်ရာ တွင်းဝခွန် (Royalty) ၂၀% ကဲ့သို့ ကျောက်စိမ်းတွင်းများ/လုပ်ကွက်များတွင် ကနဦးတန်ဖိုးဖြတ်မှုကိုအခြေပြုပြီး ပေးဆောင်မှုများ၊ ကျောက်မျက်ပြပွဲများ (Emporium) မှ တစ်ဆင့် ဖြတ်သန်းခြင်းမရှိဘဲ နိုင်ငံခြားသို့တိုက်ရိုက်တင်ပို့သော ကုမ္ပဏီများမှ အခွန်ပေးချေမှုများအား ဤအစီရင်ခံစာတွင် ဖော်ပြထားခြင်း၊ စုစုပေါင်းဝင်ငွေတွင် ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

### ကိန်းဂဏန်းအချက်အလက် တင်ပြခြင်း

တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းနယ်ပယ်တွင် ပါဝင်သည့် ကုမ္ပဏီများအားလုံးအနေဖြင့် သုံးပွင့်ဆိုင် ညွန့်ပေါင်းအဖွဲ့မှ သတ်မှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ အစီရင်ခံစာများကို တင်သွင်းခဲ့ကြ သော်လည်း အောက်ပါကုမ္ပဏီများ သည့် EITI စံနှုန်းအရ အချက်အလက်ထုတ်ပြန်သည့်မူဘောင် (MEITI template) အား လွတ်လပ်သောတိုက်ဆိုင်စစ်ဆေးသူထံသို့ တင်သွင်းရန် ပျက်ကွက်ခဲ့သည်။

- Nobel Gold Ltd ကုမ္ပဏီအနေဖြင့် အစီရင်ခံစာတိုက်ဆိုင်စစ်ဆေးမှု ပြုလုပ်သည့်ကာလတွင် မြန်မာနိုင်ငံ၌ သတ္တုလုပ်ငန်းများကို ပိတ်သိမ်းခဲ့ပြီးဖြစ်သည်။ ဤကုမ္ပဏီသည် တိုင်းပြည်တွင်းမှ ထွက်သွားခဲ့သည်ဖြစ်သောကြောင့် EITI စံနှုန်းအရ အချက်အလက်ထုတ်ပြန်သည်မူဘောင် (MEITI

template) ကို တင်သွင်းခဲ့ခြင်းမရှိခဲ့သော် လည်း သတ္တုတွင်းဝန်ကြီးဌာနမှ ဖြည့်စွက်ထားသော အချက်အလက်ထုတ်ပြန်သည့်မူဘောင် (MEITI template)တွင် အဆိုပါကုမ္ပဏီမှ ကောက်ခံရရှိ အခွန်ဘဏ္ဍာများကို အစီရင်ခံခဲ့သည်။ အစိုးရဌာန အဖွဲ့အစည်းများ၏ ကြေညာချက်များအရ Nobel Gold Ltd ကုမ္ပဏီမှ ပေးချေခဲ့မှုမှာ ၆၃၉,၂၀၀,၈၄၇ ကျပ်ရှိကြောင်း ဤအစီရင်ခံစာတွင် ထည့်သွင်းထားသည်။

- ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီ (၄) ခု (Nippon Oil၊ ONGC Bidesh Ltd၊ Gail JJ India Ltd နှင့် Korea Gas Corporation) တို့အနေဖြင့်လည်း အချက်အလက်ထုတ်ပြန်သည့်မူဘောင်များ မတင်သွင်းခဲ့ပါ။ အစိုးရဌာန အဖွဲ့အစည်းများမှ ဖြည့်စွက်ထားသော အချက်အလက် ထုတ်ပြန်သည့် မူဘောင်တွင် တင်ပြလာသော ကိန်းဂဏန်းများအရ ပြည်တွင်းအခွန်ဦးစီးဌာန တွင် Nippon Oil ကုမ္ပဏီမှ ဝင်ငွေခွန် (CIT) ၁၉,၂၂၃,၃၂၇,၀၃၉ ကျပ် ပေးသွင်းထားကြောင်း အစီရင်ခံထားပြီး ကျန်ကုမ္ပဏီ (၃)ခုမှ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်အတွင်း ငွေလက်ခံရရှိထားခြင်းမရှိကြောင်း ကြော်ငြာထားသည်။
- သို့သော်လည်း Nippon Oil ကုမ္ပဏီ ၏ ပေးချေမှုကို ဇောတိက သဘာဝဓါတ်ငွေ့လုပ်ကွက်၏ လုပ်ငန်းလည်ပတ်သူ (Operator) ဖြစ်သော Patronas ကုမ္ပဏီ မှ Nippon Oil ကုမ္ပဏီကိုယ်စား ကြေညာခဲ့ခြင်းဖြစ်ပြီး၊ လုပ်ငန်းစဉ်နှင့်အညီ တိုက်ဆိုင်စစ်ဆေးခြင်း ပြုလုပ်ခဲ့သည်။

တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းနယ်ပယ်တွင် ထည့်သွင်းခြင်းခံရသော အစိုးရဌာနအဖွဲ့အစည်းများ အားလုံး အနေဖြင့်လည်း သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ သဘောတူထားသည့် လမ်းညွှန်ချက်များနှင့်အညီ EITI စံနှုန်းအရ အချက်အလက်ထုတ်ပြန်သည့် မူဘောင် (MEITI template) များအား အသီးသီး တင်သွင်းခဲ့ကြသည်။

## ကိန်းဂဏန်းအချက်အလက်များ ခိုင်မာမှု

### MEITI နယ်ပယ်ပါ ရွေးချယ်သတ်မှတ်ထားသော ကုမ္ပဏီများ

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ ဆုံးဖြတ်ချက်နှင့်အညီ EITI စံနှုန်းအရ အချက်အလက် ထုတ်ပြန်သည့် မူဘောင် (MEITI template) များကို ကုမ္ပဏီ၏ တရားဝင် တာဝန်ပေးထားသော တာဝန်ခံအရာရှိ တစ်ဦးမှ လက်မှတ်ထိုး အတည်ပြုပေးရမည်။

တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်အတွင်း သတင်းအချက်အလက်ကောက်ယူမှုများအရ သုံးပွင့်ဆိုင် ညွှန့်ပေါင်း အဖွဲ့၏ တောင်းဆိုချက်အတိုင်း ကုမ္ပဏီအားလုံးမှ တရားဝင်တာဝန်ပေးထားသော တာဝန်ခံ အရာရှိ လက်မှတ်များ နှင့်အတူ အစီရင်ခံစာများတင်သွင်းခဲ့သည်။

### အစိုးရလုပ်ငန်းအဖွဲ့အစည်းများ

နိုင်ငံပိုင်စီးပွါးရေးလုပ်ငန်း (SOE) များအပါအဝင် အစိုးရလုပ်ငန်းဌာနများ၏ အစီရင်ခံစာများကို အစိုးရ အဖွဲ့အစည်းအလိုက် တရားဝင် တာဝန်ပေးထားသော တာဝန်ခံအရာရှိတစ်ဦးမှ လက်မှတ်ထိုးပေးပြီး၊ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့မှ သဘောတူထားသည့်အတိုင်း ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများ၏ အချက်အလက်ထုတ်ပြန်သည့်မူဘောင် (MEITI Template) မှလွဲ၍ ကျန်ဌာနများ၏ အချက်အလက်ထုတ်ပြန်သည့်မူဘောင်အား ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ မှန်ကန်ကြောင်း ထပ်ဆင့် ထောက်ခံ အတည်ပြုပေးရပါသည်။

အစိုးရဌာန ကိန်းဂဏန်းများ သေချာရန်အတွက် အချက်အလက်ထုတ်ပြန်သည့် မူဘောင် တင်သွင်းသည့် အစိုးရဌာနများနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတို့မှ အကြီးတန်း အရာရှိများမှ မှန်ကန်ကြောင်း အာမခံချက်ပေးအပ်ခဲ့သည်။ EITI နယ်ပယ်တွင်ပါဝင်သော နိုင်ငံပိုင် စီးပွါးရေး လုပ်ငန်းများ အားလုံးမှလည်း ၎င်းတို့၏ အချက်အလက်ထုတ်ပြန်သည့် မူဘောင်တွင် တာဝန်ခံ အရာရှိ တစ်ဦး၏ လက်မှတ် နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ထပ်ဆင့် ထောက်ခံချက်များကို ထည့်သွင်း တင်ပြနိုင်ခဲ့သည်။

## (၁-၅) မြန်မာနိုင်ငံ EITI လုပ်ငန်း တိုက်ဆိုင်စစ်ဆေးခြင်း ရလာဒ် အကျဉ်းချုပ်

ဤအစီရင်ခံစာတွင် သတ်မှတ်ဖော်ပြခဲ့သောကာလဘဏ္ဍာရေးနှစ် ၂၀၁၃-၁၄ အတွက် တွင်းထွက် ကုမ္ပဏီများမှ လက်ခံရရှိသော စုစုပေါင်း ဘဏ္ဍာဝင်ငွေမှာ အစိုးရဌာနအဖွဲ့အစည်းများက ကြေညာခဲ့သည်ငွေမှာ မြန်မာကျပ်ငွေသန်းပေါင်း ၃,၀၁၁,၂၈၃ ဖြစ်သည်။ အောက်ဖော်ပြပါ ဇယားနှင့် ပုံများတွင် သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ ဆုံးဖြတ်ချက် နှင့်အညီ တိုက်ဆိုင်စစ်ဆေးထားသော ဘဏ္ဍာ ဝင်ငွေများနှင့် အစိုးရဘက်မှ ထုတ်ပြန်ပေးသော ဘဏ္ဍာဝင်ငွေများကို အကျဉ်းချုံး ဖော်ပြထားသည်။

**ဇယား (၈) တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းတွင် ပါဝင်သည့် တွင်းထွက်လုပ်ငန်းများမှ စုစုပေါင်း ပေးချေမှုများ**

*မြန်မာကျပ်သန်းပေါင်း*

| ကဏ္ဍခွဲ | စာရင်းတိုက်ဆိုင် စစ်ဆေးပြီး အခွန်ငွေ | စာရင်းတိုက်ဆိုင် စစ်ဆေးခြင်းတွင် မပါဝင်သော နယ်ပယ်ပြင်ပရှိ ကုမ္ပဏီများမှ ပေးဆောင်ငွေ | ရေနံနှင့် သဘာဝ ဓာတ်ငွေ့ သယ်ယူ ပို့ဆောင်ခြင်း | နိုင်ငံပိုင်ဝေစုမှ ထုတ်လုပ် ရောင်းချမှုများ | လူမှုရေးဆိုင်ရာ ပေးဆောင်မှုများ | စုစုပေါင်း အခွန်ဘဏ္ဍာ | % |
|---|---|---|---|---|---|---|---|
| ရေနံ နှင့် သဘာဝ ဓာတ်ငွေ့ | ၂,၀၁၈,၇၆၂ | - | ၄၇၂,၀၀၄ | ၇၂,၄၉၀ | ၅,၇၃၆ | ၂,၅၆၈,၉၉၃ | ၈၅% |
| ကျောက်မျက် နှင့် ကျောက်စိမ်း | ၂၀၂,၅၂၆ | ၁၇၇,၆၇၁ | - | - | ၈,၅၇၀ | ၃၈၈,၇၆၇ | ၁၃% |
| အခြားသတ္တုများ | ၆,၁၂၀ | ၇,၅၀၄ | - | ၃၇,၈၈၃ | ၂,၀၁၇ | ၅၃,၅၂၃ | ၂% |
| **စုစုပေါင်း** | ၂,၂၂၇,၄၀၈ | ၁၈၅,၁၇၄ | ၄၇၂,၀၀၄ | ၁၁၀,၃၇၃ | ၁၆,၃၂၃ | ၃,၀၁၁,၂၈၃ | ၁၀၀% |

## ကုမ္ပဏီများမှ အစိုးရဌာနအဖွဲ့အစည်းများသို့ ပေးချေငွေများကို တိုက်ဆိုင်စစ်ဆေးခြင်း

ဤ အစီရင်ခံစာတွင် ကုမ္ပဏီများမှ အစိုးရဌာနအဖွဲ့အစည်းများသို့ ပေးချေမှုများနှင့် အစိုးရဌာနများမှ လက်ခံရရှိသော အခွန်ဘဏ္ဍာငွေများ အကြားတွင် ဖြစ်နိုင်ချေရှိသော ကွာဟချက်များကို သိရှိနိုင်ရန်နှင့် သေချာနိုင်စေရန်အတွက် လွတ်လပ်သောတိုက်ဆိုင်စစ်ဆေးသူ (IA) သည် တွင်းထွက်ကုမ္ပဏီများနှင့် အစိုးရဌာန အဖွဲ့အစည်းများမှ တင်ပြလာသော အခွန်၊အခ ငွေများကို တိုက်ဆိုင်စစ်ဆေးခဲ့သည်။ ၎င်း တိုက်ဆိုင်စစ်ဆေး တွက်ချက်တင်ပြမှု အသေးစိတ်ကို ပင်မအစီရင်ခံစာ အခန်း (၅) တွင် ဖော်ပြထား သည်။ တိုက်ဆိုင်စစ်ဆေးမှု (တွက်ချက်ပြင်ဆင်အတည်ပြုပြီး)တွင် မြန်မာငွေ ၁၆၂ သန်း( အမေရိကန် ဒေါ်လာ ၀.၁၇ သန်း) သည် ကွာဟမှု အဖြစ်တည်ရှိပြီး ထိုကွာဟချက်သည် စုစုပေါင်း တိုက်ဆိုင်မှုပမာဏ (အစိုးရ အချက်အလက်ထုတ်ပြန်သည့်မူဘောင်အပေါ်တွင်အခြေခံ၍) ၏ ၀.၀၁% ကို ကိုယ်စားပြုသည်။

ငှင်းကွာခြားချက်၏ အကြောင်းအရင်းကို တိုက်ဆိုင်စစ်ဆေး၍ မရခဲ့ပေ။

**ဇယား (၉) တိုက်ဆိုင်စစ်ဆေးတွက်ချက်မှု၏ နောက်ဆုံး ကွာဟချက်အချုပ်**

*မြန်မာကျပ်သန်းပေါင်း*

| ကဏ္ဍခွဲ | သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်သောကုမ္ပဏီများ | အစိုးရ | ပိုသောကွာခြားမှု (Positive Difference) | လျော့သော ကွာခြားမှု (Negative Difference) | အသားတင် ကွာခြားမှု (Net Difference) | % |
|---|---|---|---|---|---|---|
| ရေနံ နှင့် သဘာဝ ဓာတ်ငွေ့ | ၂,၀၁၈,၁၁၉ | ၂,၀၁၈,၇၆၂ | ၂၀၆ | (၈၄၉) | (၆၄၃) | (၀.၀၃%) |
| ကျောက်မျက်နှင့် ကျောက်စိမ်း | ၂၀၂,၅၂၇ | ၂၀၂,၅၂၆ | ၄ | (၃) | ၁ | ၀.၀၀% |
| အခြားသတ္တုများ | ၆,၆၀၁ | ၆,၁၂၀ | ၁,၁၃၈ | (၆၅၇) | ၄၈၁ | ၇.၈၆% |
| **စုစုပေါင်း** | ၂,၂၂၇,၂၄၇ | ၂,၂၂၇,၄၀၈ | ၁,၃၄၈ | (၁,၅၀၉) | (၁၆၂) | (၀.၀၁%) |

EITI အစီရင်ခံစာ အတွက် လွတ်လပ်သော တိုက်ဆိုင်စစ်ဆေးသူ (IA) ထံသို့ MEITI နယ်ပယ်ပြင်ပရှိ ကုမ္ပဏီများမှ ကောက်ခံရရှိသောအခွန်၊အခ လုံးရင်းပေါင်းမပါ။

တိုက်ဆိုင်စစ်ဆေးမှု အသေးစိတ်နှင့် ကုမ္ပဏီအလိုက်/ အခွန်အမျိုးအစားအလိုက် ပြင်ဆင် အတည်ပြုခြင်း အသေးစိတ်ကို ပင်မအစီရင်ခံစာ အခန်း (၅) တွင် ဖော်ပြထားသည်။

**အစိုးရဌာနအဖွဲ့အစည်းများသို့ ကုန်ပစ္စည်း (In-kind) ဖြင့် ပေးချေမှုများကို တိုက်ဆိုင်စစ်ဆေးခြင်း**

တိုက်ဆိုင်စစ်ဆေးသူ (IA) MEITI နယ်ပယ်ပါ ကုမ္ပဏီများမှ အစိုးရဌာနအဖွဲ့အစည်းများသို့ ကုန်ပစ္စည်း (In-kind) ဖြင့် ပေးချေမှုများကိုလည်း တိုက်ဆိုင်စစ်ဆေးခဲ့ပြီး ၊ အောက်ပါ ဇယားတွင် အသေးစိတ် ဖော်ပြထားသည့်အတိုင်း ရုပ်ဝတ္ထုပစ္စည်းမဟုတ်သော (non-material differences) ကွာဟချက် အနည်းငယ်ကို တွေ့ရှိခဲ့ရသည်။

**ဇယား (၁၀) ကုန်ပစ္စည်းဖြင့် ပေးချေမှုတွင် နောက်ဆုံး ကွာဟချက်**

| ပစ္စည်းဖြင့် ပေးချေမှုများ | အစိုးရဌာနများ | သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်သော ကုမ္ပဏီများ | အစိုးရ | ကွာဟမှုများ |
|---|---|---|---|---|
| **ရေနံ နှင့် သဘာဝဓာတ်ငွေ့ကဏ္ဍခွဲ** | | | | |
| ကုန်ပစ္စည်းဖြင့် ပေးချေမှုများ (Barils) | မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့ လုပ်ငန်း | ၁,၂၁၉,၂၅၅ | ၁,၂၁၉,၂၅၅ | - |
| ကုန်ပစ္စည်းဖြင့်် ပေးချေမှုများ (Mscf) | မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့ လုပ်ငန်း | ၇၅၈,၅၂၄ | ၇၅၈,၅၂၄ | ၁ |
| **သတ္တုကဏ္ဍခွဲ** | | | | |
| ရွှေ oz-T | အမှတ် (၂) သတ္တုတွင်း လုပ်ငန်း | ၆,၂၇၂ | ၆,၂၇၂ | - |
| ခဲမဖြူ MT | အမှတ် (၂) သတ္တုတွင်း လုပ်ငန်း | ၄၁၇ | ၄၁၅ | ၂ |
| ကြေးနီ MT | အမှတ် (၁) သတ္တုတွင်း လုပ်ငန်း | ၅၉၁ | ၅၉၁ | - |

တိုက်ဆိုင်စစ်ဆေးမှု အသေးစိတ်နှင့် ကုမ္ပဏီအလိုက်/ အခွန်အမျိုးအစားအလိုက်(ပစ္စည်းဖြင့်) ပြင်ဆင်အတည်ပြုခြင်း အသေးစိတ်ကို ပင်မအစီရင်ခံစာ အခန်း (၅) တွင် ဖော်ပြထားသည်။

**နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOEs)မှ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲငွေများကို တိုက်ဆိုင်စစ်ဆေးခြင်း**

သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ ဆုံးဖြတ်ချက်အရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOEs) မှ နိုင်ငံတော်ဘတ်ဂျတ်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာန (ပြည်တွင်းအခွန်ဦးစီးဌာန ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီး ဌာန၊အကောက်ခွန်ဦးစီဌာန အစရှိသည့်) နှင့် အခြားအစိုးရအဖွဲ့အစည်းများ (ဥပမာ -သတ္တုတွင်း ဦးစီး ဌာနသို့) သို့ လွှဲငွေများ ကိုလည်း တိုက်ဆိုင်စစ်ဆေးခဲ့သည်။

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ကြေညာထားသော လွှဲငွေများနှင့် အစိုးရဌာနအဖွဲ့အစည်းများမှ လက်ခံရရှိသော ဘဏ္ဍာဝင်ငွေများအကြား ရုပ်ဝတ္ထုပစ္စည်းမဟုတ်သော ကွာဟချက် (non-material net) ဖြစ်သည့် ကျပ်သန်းပေါင်း ၂၈၀,၈၅၂ ကို တိုက်ဆိုင်စစ်ဆေး၍ မရခဲ့ပေ။ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများမှ အသေးစိတ်အချက်အလက်များကို အောက်ပါ ဇယားတွင် ဖော်ပြထားသည်။

**ဇယား (၁၁) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ လွှဲငွေများကို တိုက်ဆိုင်စစ်ဆေးခြင်းရလဒ်များ**

*မြန်မာကျပ်သန်းပေါင်း*

| နိုင်ငံပိုင်စီးပွါးရေး လုပ်ငန်းများ | နိုင်ငံပိုင်စီးပွါးရေးလုပ်ငန်းများ | | အစိုးရ (ဘဏ္ဍာရေးဝန်ကြီးဌာန နှင့် သက်ဆိုင်ရာဦးစီးဌာနများ) | | အပြီးသတ် ကွာဟမှု |
|---|---|---|---|---|---|
| | ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဦးစီးဌာနများ(ရသုံးမှန်းခြေ ငွေစာရင်း)သို့ လွှဲပြောင်းပေးမှုများ | SOE များ၏ ကိုယ်ပိုင် ဘဏ္ဍာရန်ပုံငွေတွင် ထိန်းသိမ်းခြင်း | ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဦးစီးဌာနများ(ရသုံးမှန်းခြေ ငွေစာရင်း)သို့ လွှဲပြောင်းပေးမှုများ | SOE များ၏ ကိုယ်ပိုင် ဘဏ္ဍာရန်ပုံငွေတွင် ထိန်းသိမ်းခြင်း | |
| မြန်မာ့ရေနံ နှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း | ၈၈၀,၄၄၉ | ၁,၃၂၀,၁၇၅ | ၈၈၀,၄၄၉ | ၁,၃၂၀,၁၇၅ | - |
| မြန်မာ့ကျောက်မျက် ရတနာလုပ်ငန်း | ၂၂၈,၄၃၆ | ၁၉၅,၅၁၆ | ၂၂၈,၄၃၆ | ၁၉၅,၅၁၆ | - |
| အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | ၅,၅၀၂ | ၂,၄၃၆ | ၅,၅၀၂ | ၂,၄၃၆ | - |
| အမှတ် (၂) သတ္တုတွင်းလုပ်ငန်း | ၁၆,၃၁၄ | ၂၀,၉၆၃ | ၁၆,၃၁၄ | ၂၀,၉၆၃ | - |
| အမှတ် (၃) သတ္တုတွင်းလုပ်ငန်း | ၂,၇၈၄ | ၃,၅၆၃ | ၂,၇၈၄ | ၃,၅၆၃ | - |
| **စုစုပေါင်း** | ၁,၁၃၃,၄၈၆ | ၁,၅၄၂,၆၅၃ | ၁,၁၃၃,၄၈၆ | ၁,၅၄၂,၆၅၃ | - |

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ အခွန်အခ တင်ပြချက်များတွင် ပြသထားသော တိုက်ဆိုင် စစ်ဆေးခြင်း လုပ်ငန်းများကို ပင်မအစီရင်ခံစာ နောက်ဆက်တွဲ (၈) တွင် ဖော်ပြထားသည်။

# ၇. အကြံပြုတိုက်တွန်းချက်များ

## ၇.၁ တင်ပြသော ကိန်းဂဏန်း၊ အချက်အလက် ပြည့်စုံ ခိုင်မာမှု

EITI ၏လိုအပ်ချက်များအရ ကိန်းဂဏန်း၊ အချက်အလက် ပြည့်စုံခိုင်မာမှုသည် တိုင်းပြည်၏ ပွင့်လင်းမြင်သာမှုကို ဆန်းစစ်ရာတွင် အရေးကြီးသောအချက်များအနက်မှတစ်ခုဖြစ်ပြီး ၊ **တစ်ဆက် တည်းမှာပင်** စံချိန်မှီ တင်းပြည့်အဖွဲ့ဝင်ဖြစ်ရန်အတွက် အရေးပါသည့် စည်းမျဥ်းစည်းကမ်း သတ်မှတ်ချက် တစ်ခုဖြစ်ပါသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် အစိုးရဌာန အဖွဲ့အစည်းများ၏ စာရင်းစစ်အစီရင်ခံစာများကို ထုတ်ပြန်လေ့မရှိပါ။ တွင်းထွက်သယံဇာတ ထုတ်လုပ်သည့်လုပ်ငန်းများ နှင့် ဆက်စပ်သည့် အစိုးရဌာနများ၏ စာရင်းစစ်အစီရင်ခံစာများကို တောင်းခံခဲ့သော်လည်း ထိုအစီရင်ခံစာများကို အများပြည်သူများ သိရှိနိုင်ရန် ထုတ်ပြန်ခြင်းမရှိပါ။

တွင်းထွက်သယံဇာတထုတ်လုပ်သည့် လုပ်ငန်းများ၏ ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက် များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ယုံကြည်စိတ်ချနိုင်သော သတင်းအချက်အလက်များအဖြစ် ရရှိနိုင်ရန်ရည်ရွယ်လျှက် မြန်မာနိုင်ငံ၏ တွင်းထွက်သယံဇာတထုတ်လုပ်သည့်ကဏ္ဍ၏ အရေးပါမှုကို ပြည်သူများ ပိုမိုသိရှိလာစေရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ စာရင်းစစ်အစီရင်ခံစာ များကို အများပြည်သူများကိုထုတ်ပြန်နိုင်ရန် လိုအပ်သည့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည် သုံးသပ်သင့်ကြောင်း အကြံပြုတိုက်တွန်းပါသည်။

## ၇.၂ ကုမ္ပဏီ ဂင်ငွေခွန် ပေးဆောင်သည့် အခွန်ဆောင်ပြေစာများ ထုတ်ပေးမှု နှောင့်နေးကြန့်ကြာခြင်း။

ကုမ္ပဏီများ ဝင်ငွေခွန်ပေးဆောင်သည့် အခွန်ဆောင်မှုများကို ပြည်တွင်းအခွန်များဦးဌာန၏ ငွေစာရင်းစနစ်သို့ရောက်ရှိရန် အချိန်အတိုင်း အတာတစ်ခုကြာလေ့ရှိပါသည်။ ထိုကုမ္ပဏီများသည် အခွန်ပေးဆောင်ရန် ငွေကြေး ပေးသွင်းပြီးလျှင်ပြီးခြင်း အချိန်တိုအတွင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ပြေစာများမရရှိဘဲ အချိန်တစ်လခန့်အထိ ကြာတက်ပါသည်။

တွင်းထွက် သယံဇာတထုတ်လုပ်သည့်ကုမ္ပဏီများ အခွန်ငွေပေးသွင်းသည့်နေ့စွဲနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာန ၏ ငွေစာရင်းမှတ်တမ်းတွင် ရေးသွင်းသည့် နေ့ရက်ကွာခြားချက်သည် EITI စံနှုန်းအရ အချက်အလက် ထုတ်ပြန်သည့်မူဘောင် (MEITI template) တွင် တရားဂင်တင်ပြသည့် သတင်း အချက်အလက်များကို များစွာအပြောင်းဖြစ်စေနိုင်ပါသည်။

ကုမ္ပဏီအတော်များများသည် ၂၀၁၃-၂၀၁၄ ခုနှစ် အတွက် ကုမ္ပဏီဂင်ငွေခွန် ကို ဘဏ္ဍာရေးနှစ်ကုန် ကာလအပိုင်းအခြားတွင် ပေးဆောင်ကြပြီး အထောက်အထားစာရွက်များအရ မတ်လ ၂၀၁၄ခုနှစ်တွင် ပေးဆောင်မှုများကို ပြုလုပ်ကြသည်။ သို့သော် အဆိုပါ ပေးဆောင်မှုများအတွက် ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ငွေစာရင်းမှတ်တမ်းတွင် ဧပြီလမှသာ လက်ခံရရှိပြီး တိုက်ဆိုင်စစ်ဆေးရန် သတ်မှတ်ထားသည့် အချိန်ကာလ၏ ပြင်ပသို့ရောက်ရှိခဲ့သည်။

ထို့ကြောင့် ကုမ္ပဏီဂင်ငွေခွန်များ အခွန်ဆောင်ပြေစာများကို အခွန်ငွေပေးသွင်းပြီးလျှင်ပြီးခြင်း ထုတ်ပေးရန် အကြံပြုတိုက်တွန်းပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် တရားဂင်ထုတ်ပြန်သည့် သတင်းအချက်အလက်များတွင် စာရင်းပိတ်ကာလပိုင်းခြားမှုကြောင့်ဖြစ်ပေါ်နိုင်သည့် အမှားများကို ရှောင်ရှားနိုင်မည် ဖြစ်သည်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် လက်ရှိ ငွေပေးသွင်းသည့် လုပ်ငန်းစဉ် နှင့်

အခွန်ဆောင်ပြေစာ ထုတ်သည့် လုပ်ငန်းစဉ်ကို ပြန်လည်သုံးသပ်ပြီး လုပ်ငန်းခွင် အားနည်းချက်များကို ရှာဖွေဖေါ်ထုတ်သင့်သည်။

## ၇.၃ အစီရင်ခံစာသွင်းသည့်နောက်ဆုံးအချိန် သတ်မှတ်ချက်များ။

ဤအစီရင်ခံစာအတွက် အချက်အလက်ထုတ်ပြန်သည့်ပုံစံ (MEITI template) တင်သွင်းရမည့် နောက်ဆုံးနေ့သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ (၆) ရက်နေ့ ဖြစ်ပါသည်။ တွင်းထွက်လုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီ (၄) ခုနှင့် အစိုးရဌာန (၂) ခု ( ပြည်တွင်းအခွန်များဦးစီးဌာန နှင့် အကောက်ခွန် ဦးစီးဌာန) တို့သည် အဆိုပါ ပုံစံအား သတ်မှတ်နောက်ဆုံးနေ့အမီ တင်သွင်းနိုင်ခြင်းမရှိပါ။

ထိုသို့နှောင့်နှေးမှုကြောင့် စာရင်းတိုင်ဆိုင်စစ်ဆေးသည့် လုပ်ငန်းစဉ်ကို ကြန့်ကြာစေခဲ့ပြီး ယင်းအချက်အလက် ထုတ်ပြန်ရမည့် ကုမ္ပဏီ/ဌာနများ (Reporting entities) တို့နှင့် ဆက်သွယ်ခြင်း၊ အချက်အလက် ကောက်ခံရရှိရန် အလုပ်ပိုများလုပ်ခဲ့ရသည့်အတွက် လွတ်လပ်သော တိုက်ဆိုင် စစ်ဆေးရေးအဖွဲ့ (IA) အနေဖြင့် အရင်းအမြစ်များကို ထပ်မံသုံးစွဲခဲ့ရသည်။

အချက်အလက်ထုတ်ပြန်ရမည့် ကုမ္ပဏီ/ဌာနများ (Reporting entities) အတွက် နောက်ဆုံးရက် သတ်မှတ်ချိန် တိုတောင်းမှုကို ရှောင်ရှားနိုင်ရန်နှင့် ကုမ္ပဏီ/ဌာနများ (Reporting entities) အနေဖြင့် အစီရင်ခံစာပုံစံများကို ပြင်ဆင်ရာတွင် လုံလောက်သောအချိန်ရရှိစေရန်အတွက် အနာဂတ် စာရင်း တိုင်ဆိုင်စစ်ဆေးခြင်းနှင့် အစီရင်ခံစာပြုစုခြင်း လုပ်ငန်းစဉ်များ၏ အချိန်သတ်မှတ်ချက်များကို ယခုထက် ပိုမိုကောင်းမွန်အောင် ကြိုတင်စီမံသင့်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အစီရင်ခံစာ တင်ပြရသည့် ကုမ္ပဏီ/ဌာနများနှင့် ပိုမိုကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်နိုင်လာပြီး ထိုသူများအနေဖြင့် စာရင်း တိုက်ဆိုင်သူများကို ပိုမိုပံ့ပိုးပေးနိုင်သည့်အခြေအနေကောင်းများ ရရှိလာနိုင်ပါသည်။

## ၇.၄ အနာဂတ် EITI နယ်ပယ်

EITI လိုအပ်ချက်နံပါတ် (၄) အရ တွင်းထွက်သယံဇာတထုတ်လုပ်သည့်ကဏ္ဍမှ အစိုးရမှ ကောက်ခံ ရရှိသည့် ဘဏ္ဍာငွေများနှင့် ရေနံ၊ သဘာဝဓါတ်ငွေ့နှင့် သတ္တုတူးဖေါ်ရေးကုမ္ပဏီများက အစိုးရသို့ ပေးသွင်းသည့် ငွေကြေးအပါအဝင် အလုံးစုံသောပေးချေမှုများကို ကျယ်ကျယ်ပြန့်ပြန့်ပြည့်စုံသော EITI အစီရင်ခံစာများ ထုတ်ပြန်ပေးရန်လိုအပ်သည်။

လက်ရှိဖြစ်ပေါ်နေသော ဆက်စပ်အခြေအနေများအရ မြန်မာနိုင်ငံ EITI အနေဖြင့် ထည့်သွင်း စဉ်းစား နိုင်ပါရန် ဖေါ်ပြပါအချက်များကို အကြံပြုတိုက်တွန်းသည်။

- စာရင်းတိုက်ဆိုင်သည့်ဖြစ်စဉ်တွင် ထိုကာလ၏ ထုတ်လုပ်မှုများကို ထည့်သွင်းရန်၊
- ကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍခွဲအတွက် ကျောက်မျက်ရတနာပြပွဲမှရရှိသည့် ဝင်ငွေ သာမက ထိုကျောက်မျက်နှင့် ကျောက်စိမ်းကဏ္ဍမှ ရရှိသော အခွန်ဘဏ္ဍာငွေ အရပ်ရပ်ကို ထည့်သွင်းရန် နယ်ပယ်ကိုချဲ့ထွင်ရန် နှင့် ရေအားလျှပ်စစ်၊ သစ်တော၊ ငါးလုပ်ငန်း အပါအဝင် အခြားကဏ္ဍများမှ ရရှိသည့်ဝင်ငွေများကို တိုးချဲ့ထည့်သွင်းခြင်း ပြုနိုင်/မပြုနိုင်ကို လေ့လာရန်၊
- ကုမ္ပဏီများမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများထံသို့ ပေးသွင်းထားသော အခွန်အခများ နှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းမှ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးသော အခွန်အခ၊ စာရင်းဇယားများအကြား တိုက်ဆိုင်စစ်ဆေးရန်၊

- အစီရင်ခံစာ၏ သတ်မှတ်နယ်ပယ်ကို ချဲ့ထွင်ရန်အတွက် အခွန်ရှုထောင့်မှ ယုတ္တိတန်ခြင်းကို သတ်မှတ်ချက် (Materiality Thresholds) ပမာဏကို လျှော့ချခြင်း နှင့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အခြားသတ္တုများအတွက် အခြားသင့်လျော်သည့် အရည်အချင်း သတ်မှတ်ချက်များကိုပါ ထည့်သွင်းစဉ်းစားရန်၊
- စာရင်းတိုင်ဆိုင်သည့်ဖြစ်စဉ်တွင် ရေနံ နှင့် သဘာဝဓါတ်ငွေ့ ပိုက်လိုင်းဖြတ်သန်းခများ မှရရှိသည့် ဝင်ငွေများကို ထည့်သွင်းရန်၊
- အကျိုးခံစားမှုများ နှင့် လူမှုရေးဆိုင်ရာပေးဆောင်မှုများကို စီမံကိန်းလုပ်ကွက်အလိုက် ဖော်ထုတ်တင်ပြရန်၊

နှစ်အလိုက် လုပ်ငန်းစဉ်စီမံချက်ချမှတ်ရာတွင် မြန်မာနိုင်ငံ EITI အနေဖြင့် တွင်းထွက် သယံဇာတ လုပ်ငန်းကို ပြည်စုံစွာခြုံငုံတင်ပြနိုင်ရန် လုပ်ဆောင်သင့်ပြီး ထိုသို့လုပ်ဆောင်ရာတွင် EITI ၏ နယ်ပယ်အား စဉ်ဆက်မပြတ် တဖြည်းဖြည်းတိုးချဲ့ခြင်းကို စဉ်းစားသင့်ပါသည်။

**၇.၅ အန္တိမအကျိုးအမြတ်ရရှိမှု (Beneficial Ownership) ကိုအမိပွါယ်ဖွင့်ဆိုခြင်း။**

၂၀၁၃ ခုနှစ် EITI လိုအပ်ချက် (Requirement) တွင် က တွင်းထွက်သယံဇာတထုတ်ယူသည့်လုပ်ငန်းများ တွင် ပူးပေါင်း ပါဝင်ခြင်း၊ လုပ်ကိုင်ခြင်းနှင့်/သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် ကုမ္ပဏီများ၏ ပိုင်ရှင်များ ကို အများပြည်သူများ သိရှိနိုင်စေရန် ထုတ်ပြန်ရန် တိုက်တွန်းထားသည်။ (အကျိုးခံစားခွင့်ရှိသည့် ပိုင်ဆိုင်မှု နှင့်သက်ဆိုင်သည့် EITI ၏ပြဌာန်းချက်များကို အောက်တွင်ကြည့်ရှုပါရန်။) လက်ရှိတွင် အစိုးရနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (SOEs) အနေဖြင့် အန္တိမအကျိုးအမြတ်ရရှိမှု (Beneficial Ownership) ကို မဖြစ်မနေ ထုတ်ပြန်ရန်လိုအပ်ပြီး ၂၀၁၆ခုနှစ်မှ စတင်၍ ဖက်စပ်လုပ်ကိုင်သူများ အပါအဝင် ပုဂ္ဂလိကနှင့်အများပိုင် ကုမ္ပဏီများ လည်း လိုအပ်ချက်တစ်ရပ်အနေဖြင့် လိုက်နာ ဆောင်ရွက်ရန် လိုအပ်ကောင်း လိုအပ်မည်။

မြန်မာနိုင်ငံတွင် လက်ရှိအခြေအနေအရ တွင်းထွက်သယံဇာတ ထုတ်ယူသည့်လုပ်ငန်းများတွင် ပူးပေါင်း ပါဝင်ခြင်း၊ လုပ်ကိုင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းများ လုပ်ကိုင်သည့် စီးပွားရေး ကုမ္ပဏီများ၏ အကျိုးခံစားခွင့် ရှိသည့်ပိုင်ရှင်များ (beneficial owners of the corporate entities) ၏ စာရင်းကို အများပြည်သူများ သိရှိနိုင်ရန် မှတ်ပုံတင်ထားသည့် မှတ်ပုံတင်ဌာနမရှိသေးပါ။

အန္တိမအကျိုးအမြတ်ရရှိမှု (Beneficial Ownership) နှင့် နိုင်ငံရေးအရထင်ရှားသူများ၏ အဆိုပြု အဓိပ္ပါဖွင့်ဆိုချက်အကျဉ်းကို မြန်မာနိုင်ငံသုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့ထံသို့ အကြံပြုထားပြီး ဖြစ်သော်လည်း သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အကြားတွင် ဆက်လက်ဆွေးနွေးသွားရန် ကျန်ရှိနေပါသည်။

EITI ၏ အကျိုးခံစားခွင့်ရှိသည့် ပိုင်ဆိုင်သူအဖြစ်အရည်အချင်း သတ်မှတ်ရာ တွင် ကုမ္ပဏီအစုရှယ်ယာ ရာခိုင်နှုန်း၊ မည်သူ့မည်မျှကို ပိုင်ဆိုင်ရန် လိုအပ်သည်ဆိုသည့် သဘောထားမှတ်ချက်အပေါ် သဘောတူညီမှုရရန် နှင့် အကျိုးခံစားခွင့်ရှိသည့် ပိုင်ဆိုင်မှုအစီရင်ခံစာအတွက် လိုအပ်သည်များကို ဆက်လက် ဆောင်ရွက်နိုင်ရန်၊ နှင့် လုပ်ငန်း ပမာဏ အကဲဖြတ်သည့်အစီရင်ခံစာတွင်တင်ပြထားသည့် အကျိုးခံစားခွင့်ရှိသည့်ပိုင်ဆိုင်မှုဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုမှု ၏ ကြောင်းကျိုးဆီလျော်မှုကို သုံးပွင့်ဆိုင်

ညွှန့်ပေါင်းအဖွဲ့ အကြားတွင် အပြန်အလှန် ဝေဖန် သုံးသပ်ရန်လိုအပ်ပါသည်။ သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အနေနှင့် ကုမ္ပဏီများမှငွေကြေးဆိုင်ရာ အကျိုးအမြတ်များ တနည်းနည်းဖြင့်ရှိသည့် နိုင်ငံရေး အရ ထင်ရှားသူများကို အကျိုးခံစားခွင့်ရှိသည့်ပိုင်ရှင်များအဖြစ် စဉ်းစားသင့် မစဉ်းစားသင့် အပေါ် တွင် လည်း သဘောတူသင့်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အန္တိမအကျိုးအမြတ်ရရှိမှု (Beneficial Ownership) ဆိုင်ရာ အဓိပ္ပါယ် ဖွင့်ဆိုချက် နှင့် အစီရင်ခံစာအတွက် တင်ပြမှုလုပ်ငန်းစဉ်များကို သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ဝင်များအကြား သဘောတူညီမှုရရှိပြီးနောက် မြန်မာနိုင်ငံ EITI အတွင်းရေးမှူးရုံးအနေဖြင့် အကျိုးခံစားခွင့် ရှိသည့် ပိုင်ဆိုင်မှု ထုတ်ပြန်ခြင်း၏ အရေးပါပုံများကို အချက်အလက်ထုတ်ပြန်ရမည့် ကုမ္ပဏီ/ဌာနများ (reporting entities) နားလည်သဘောပေါက်လာအောင် ဆောင်ရွက်ရန် အကြံပြုတိုက်တွန်းပါသည်။ အထူးသဖြင့် စတော့ ရှယ်ယာဈေးကွက် တင်ရောင်းချသည့်ကုမ္ပဏီ သို့မဟုတ် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများမဟုတ်သည့် ကုမ္ပဏီများ၏ ပိုင်ဆိုင်မှုဆိုင်ရာအခြေအနေများကို ဦးစားပေး ဆောင်ရွက် သင့်သည်။

ထို့အပြင် အကျိုးခံစားခွင့်ရှိသည့်ပိုင်ဆိုင်မှု ထုတ်ပြန်ရန်လိုအပ်သည့် ကုမ္ပဏီ/ဌာနများကို သင်တန်း များ ပေးရန်အကြံပြုတိုက်တွန်းသည်။ ၎င်းသင်တန်းများအတွင်း အကျိုးခံစားခွင့်ရှိသည့် ပိုင်ဆိုင်မှုအတွက် အချက်အလက်ဖြည့်သွင်းရမည့် ပုံစံကို တင်ပြပြီး အကျိုးခံစားခွင့်ရှိသည့်ပိုင်ဆိုင်မှု ထုတ်ပြန်ခြင်းကို ပြင်ဆင်နိုင်ရန်အတွက် ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များကို ပံ့ပိုးပေးသင့်သည်။

သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အနေဖြင့် အစိုးရအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ တွင်းထွက်သယံဇာတ ထုတ်ယူသည့် လုပ်ငန်း လုပ်ကိုင်သည့် ကုမ္ပဏီများ နှင့် တိုင်ပင်ညှိနှိုင်း၍ EITI လိုအပ်ချက် (Requirement) ၃.၁၁ အရ ကုမ္ပဏီများ အန္တိမအကျိုးအမြတ်ရရှိမှု (Beneficial Ownership) ဆိုင်ရာ မူဘောင်များ (Templates) အတွက် သဘောတူထားရန် လိုအပ်သည်။ ဤလုပ်ငန်းစဉ် အကောင်အထည်ဖော်ရန်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဥပဒေဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီများ၊ ကျွမ်းကျင်ပညာရှင်များ နှင့် အခြားသက်ဆိုင်သူတို့ ပါဝင်သော ဆပ်ကော်မတီ တရပ်ကို ဖွဲ့စည်းရန် သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ အနေဖြင့် စဉ်းစားသင့်သည်။ ထိုသို့ ကော်မတီဖြင့် ဆောင်ရွက်ခြင်းဖြင့် ပိုင်ဆိုင်မှုထုတ်ပြန်ခြင်း နှင့် သက်ဆိုင်သည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၏ ထိရောက်မှုနှင့်အနာဂါတ်တွင် ပိုမိုကောင်းမွန်လာစေရေးအတွက် သတင်း အချက်အလက်များ ဖလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်လမ်းပွင့်သွားမည်။

## ၇.၆ တပ်မတော်မှ ကျောထောက်နောက်ခံပြုထားသည့်ကုမ္ပဏီကြီးများ

EITI စံနှုန်းအရ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ လူမှုဝန်ဆောင်မှုများအတွက် အသုံးစရိတ်များ၊ အများ ပြည်သူအတွက် အခြေခံအဆောက်အဦများ၊ လောင်စာဆီအတွက် ထောက်ပံ့ပေးရမှုများ နှင့် နိုင်ငံတော် ကြွေးမြီပေးဆပ်မှုတွင်ပါဝင်နေမှု စသည့် ဘဏ္ဍာရေးအသုံးစရိတ်ဟု ပုံဖမ်းသုံးစွဲသည့် လူမှုဆိုင်ရာ အသုံးစရိတ် (Quasi-fiscal expenditures) များကို ဖော်ပြရန်လိုအပ်သကဲ့သို့ အဆင့်မြင့်သော ပွင့်လင်းမြင်သာမှု ဆောင်ရွက်နိုင်ရန်အတွက် အခြားအသုံးစရိတ်ပေးချေမှုများ နှင့် ဝင်ငွေထွက်ငွေ စီးဆင်းမှုများကို ဖော်ပြသည့် အစီရင်ခံစာ တင်ပြသည့်လုပ်ငန်းစဉ်တစ်ရပ်ကို အကောင် အထည်ဖော်ရန် လိုအပ်သည် ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းခွဲများ နှင့် ဖက်စပ်ပါဝင် လုပ်ကိုင်နေသာလုပ်ငန်းများ ပါဝင်သင့်သည်။ တိုင်းပြည်၏ သတ္တု၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ ကဏ္ဍများတွင် လုပ်ငန်းခွဲအနေဖြင့်လည်းကောင်း၊ ဖက်စပ်လုပ်ငန်းအနေဖြင့်လည်းကောင်း လုပ်ကိုင်နေသည့်

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ အန္တိမအကျိုးအမြတ်ရရှိမှု အတိုင်းအတာများ(Beneficial Ownership) နှင့် ထိုပိုင်ဆိုင်မှုဆိုင်ရာ အပြောင်းအလဲများကို တရားဝင် ထုတ်ပြန်ရန် လိုအပ်သည်။

တပ်မတော်မှပိုင်ဆိုင်သည့် ကုမ္ပဏီကြီးနှစ်ခုဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက် (UMEHL) နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) တို့သည် သတ္တုတူးဖော်ရေး လုပ်ငန်းများနှင့် ကျောက်မျက်တူးဖော်ရေး လုပ်ငန်းများလုပ်ကိုင်နေပြီး မြန်မာနိုင်ငံ၏ စီးပွားရေး တွင်အရေးပါသည့် အနေအထားတွင် ရှိနေပါသည်။ ကာကွယ်ရေးဝန်ကြီးဌာနကို သတင်းပို့ရသည့် အဆိုပါ ကုမ္ပဏီကြီး နှစ်ခုသည် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကိုသာပေးသည့် အကာအကွယ်များနှင့် အထူးအခွင့် အရေးများ ရရှိစေသည့် ဥပဒေဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါကုမ္ပဏီကြီးများ သည် ၂၀၁၄ ခုနှစ်အထိ အချို့သော အခွန်အမျိုးအစားများကို ကင်းလွတ်ခွင့်ရရှိထားပြီး အဆိုပါကင်းလွတ်ခွင့်များကို ပုဂ္ဂလိက သတ္တုတူးဖော်မှုလုပ်ကိုင်သည့် ကုမ္ပဏီများအကျိုးခံစားခွင့်မရရှိကြောင်း သိရှိရပါသည်။

ထို့ကြောင့် UMEHL နှင့် MEC တို့ကို အနာဂတ် EITI အစီရင်ခံစာလုပ်ငန်းစဉ်တွင် အခွန်ရှုထောင့်မှ ယုတ္တိတန်ခြင်းသတ်မှတ်ချက် (Materiality Thresholds) ကို စဉ်းစားခြင်းမပြုဘဲ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများကဲ့သို့ မှတ်ယူဆောင်ရွက် သင့်/မသင့် ကို ဆွေးနွေးရန်အကြံပြု တိုက်တွန်းသည်။ ထို့နောက် ဆက်တွဲအနေဖြင့် ၎င်းကုမ္ပဏီများ အနေဖြင့် အောက်ဖော်ပြပါ အချက်များကို ထုတ်ဖော် ပေးရန်လိုအပ်သည်။

- အစိုးရနှင့် ဘဏ္ဍာရေးဆိုင်ရာပတ်သက်ဆက်နွယ်မှုနှင့် လက်ရှိကျင့်သုံးနေသည့် စည်းမျဉ်း နှင့် လုပ်ထုံးလုပ်နည်းများ၊
- သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကုမ္ပဏီများရှိ အန္တိမအကျိုးအမြတ်ရရှိမှု အခြေအနေများ (beneficial ownership)၊
- နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်း(ဘတ်ဂျက်)သို့ပေးသွင်းမှုနှင့် ပံ့ပိုးမှုများ၊
- လူမှုဝန်ဆောင်မှုများ၊ အများပြည်သူအတွက် အခြေခံအဆောက်အဦများ၊ လောင်စာဆီ အတွက် ပံ့ပိုးမှုများနှင့် နိုင်ငံတော်ကြွေးမြီပေးဆပ်မှုများ စသည့် ဘဏ္ဍာရေးအသုံးစရိတ်ဟု ပုံဖမ်းသုံးစွဲသည့် လူမှုဆိုင်ရာအသုံးစရိတ်(Quasi-fiscal expenditures) နှင့်
- နိုင်ငံအတွင်း လုပ်ကိုင်နေသည့် သတ္တုတူးဖော်ရေး၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ တူးဖော်ရေး လုပ်ကိုင်နေသည့် ပုဂ္ဂလိကကုမ္ပဏီများထံသို့ ချေးငွေပေးခြင်း၊ ချေးငွေဆိုင်ရာ အာမခံပေးခြင်း တို့နှင့် ပတ်သက်သည့် ငွေပေးငွေယူ ကိစ္စရပ်များ။

## ၇.၇ တွင်းထွက်သယံဇာတများထုတ်ယူသည့် လုပ်ငန်းများနှင့် ပတ်သက်သည့် စာရင်းအင်းနှင့် သတင်းအချက်အလက်များ ထုတ်ပြန်ခြင်း

EITI စံနှုန်း များအရ အောက်ဖော်ပြပါအချက်အလက်များအပါအဝင် ဆက်စပ်သက်ဆိုင်သည့် သတင်း အချက်အလက်များနှင့် တွင်းထွက်သယံဇာတထုတ်ယူသည့် လုပ်ငန်းများအတွက် လုပ်ထုံးလုပ်နည်း များကို တရားဝင်ထုတ်ပြန်ပေးရန် လိုအပ်သည်။

- သယံဇာတအရင်းအမြစ်သိုက်၊ တည်နေရာဒေသ၊ ကြီးမားသည့် ဓါတ်သတ္တုရှာဖွေရေးလုပ်ငန်းများ အကြောင်းပါဝင်သည့် တွင်းထွက်သယံဇာတ လုပ်ငန်းများ၏ ယေဘုယျအခြေ အနေ၊

- နိုင်ငံစီပွားရေးကိုအထောက်အကူပြုစေသည့် တွင်းထွက်သယံဇာတကဏ္ဍ၏ အလုပ်အကိုင်ဖန်းတီးထားနိုင်မှုနှင့် ပို့ကုန်အခြေအနေ၊
- တွင်းထွက် သယံဇာတထုတ်ယူမှုလုပ်ငန်းများမှ ရရှိသည့် အစိုးရဂင်ငွေ နှင့် ထိုဂင်ငွေများဖြင့် ထူထောင်ထားသည့် သီးသန့်ရန်ပုံငွေများမှတဆင့် ဆောင်ရွက်မည့်သီးခြား အစီအစဉ်များ၊ ဗဟိုမှ ဒေသန္တရ အဆင့်သို့ ငွေပေးငွေယူမှုများ၊
- လိုင်စင်ချထားပေးမှုများ၊ လိုင်စင်မှတ်ပုံတင်မှုများ၊ အန္တိမအကျိုးအမြတ်ရရှိမှု (Beneficial Ownership) ၊ စာချုပ်ပါ အချက်အလက်များ စသည်တို့ကို အများပြည်သူသိရှိနိုင်ရန် ဖော်ထုတ်ခြင်း၊

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ EITI အတွင်းရေးမှူးရုံးတွင် တွင်းထွက်သယံဇာတထုတ်လုပ်သည့် လုပ်ငန်းများ၊ ဆက်စပ်သတင်းအချက်အလက်များနှင့် ၎င်းကဏ္ဍမှ စာရင်းဇယား များ ပါဂင်သော ကျယ်ပြန့်သည့် သတင်းအချက် အလက်စုစည်း စီမံသိမ်းဆည်းထားနိုင်သောစနစ် (Database) မရှိပါ။ ဤအစီရင်ခံစာတွင် တင်ပြထားသည့် တွင်းထွက်သယံဇာတလုပ်ငန်းများအပေါ် လွှမ်းခြုံဆက်စပ်နေသော အချက်အလက်ဖော်ပြချက်များသည် ပြန့်ကျဲနေသည့် သတင်းအရင်း အမြစ်များ နှင့် တိုက်ဆိုင် စစ်ဆေးမှု ပြုလုပ်သည့်လုပ်ငန်းစဉ်တွင် အစိုးရအဖွဲ့အစည်းများ နှင့် ပြုလုပ်သသောအစည်းအဝေးများကို အခြေခံထားပါသည်။ ထိုအချက်အလက် အများအပြားသည် အများပြည်သူအနေဖြင့် အလွယ်တကူ မရနိုင်ပါ။

သတင်းအချက် အလက်နှင့်လိုအပ်သည့် စာရင်းဇယားများမရသောကြောင့် (ဥပမာ တွင်းထွက် သယံဇာတကဏ္ဍတွင် အလုပ်အကိုင်ဖန်းတီးမှု နှင့် ပတ်သက်သည့်အချက်အလက်များ) အချို့ သုံးသပ်ချက်များသည် အကန့်အသတ်ရှိနေပါသည်။ နိုင်ငံခြား ပို့ကုန်စာရင်းနှင့် ထုတ်လုပ်မှုဆိုင်ရာ စာရင်းတို့သည်လည်း သတင်းအရင်းအမြစ် တစ်ခုနှင့်တစ်ခု ကွဲပြားမှုများရှိနေသည်ကိုလည်း တွေ့ရှိ ရပါသည် (ပင်မအစီရင်ခံစာ၏ အခန်း ၃.၁၁)။

ယုံကြည်ရမှု၊ ခိုင်မာပြည့်စုံသော တွင်းထွက်သယံဇာတလုပ်ငန်းများ အပေါ် လွှမ်းခြုံဆက်စပ်နေသော အချက်အလက်ဖော်ပြချက်များသည်ကို မြှင့်တင်နိုင်ရန်အတွက် MEITI အတွင်းရေးမှူးရုံး၊ သတ္တုတွင်းဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန နှင့် အရပ်ဖက် လူမှုအဖွဲ့အစည်းများမှ ပူးပေါင်း၍ ဆက်စပ်သည့် သတင်းအချက်များကို အနည်းဆုံး တစ်နှစ်တကြိမ်ပုံနှိပ်ထုတ်ဝေသင့်သည်။ ထိုထုတ်ပြန်ချက်တွင် သက်ဆိုင်ကဏ္ဍ၏အလားအလာ၊ နိုင်ငံ့စီးပွားရေးကို အထောက်ပံ့ဖြစ်စေမှု အခြေအနေ၊ မဟာဗျူဟာ၊ သက်ဆိုင်သည့် အဖြစ် အပျက် များနှင့် အချက်အလက်များ၊ လက်ရှိ လုပ်ထုံးလုပ်နည်းများနှင့်နောင်တွင်ပြုလုပ်မည့် အပြောင်းအလဲများ စသည်တို့ကိုပါ ထည့်သွင်း ထုတ်ပြန်ရန် အကြံပြုတိုက်တွန်းသည်။

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများအတိုင်း စာရင်းအင်းဆိုင်ရာ ပွင့်လင်းမြင်သာမှု အတွက် လိုအပ်သော အချက်အလက်အစီရင်ခံထုတ်ပြန်မှု စနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုကို စဉ်းစားနိုင်ရန် အတွက် သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့အနေဖြင့် MEITI အတွင်းရေးမှူးရုံးကို လုံလောက်သော အရင်းအမြစ်များ ရရှိရန် ပံ့ပေးပိုးပေးရန် အကြံပြု တိုက်တွန်းပါသည်။

## ၇.၈ လိုင်စင်များမှတ်ပုံတင်ခြင်း

EITI စံနှုန်းများကျင့်သုံးအကောင်အထည်ဖော်သည့်နိုင်ငံများသည် အများပြည်သူများသိရှိနိုင်သည့် လုပ်ငန်းလိုင်စင် မှတ်ပုံတင်စနစ် (သို့မဟုတ်) EITI အစီရင်ခံစာပါ ကုမ္ပဏီများ၏ အချက်အလက်များ

ပါသောမှတ်ပုံတင်စနစ်တစ်ခုထားရှိရပါသည်။ အဆိုပါ မှတ်ပုံတင်စနစ်တွင် ဖေါ်ပြပါအချက်အလက်များ ပါဝင်ရန် လိုအပ်သည်။

၁။ လုပ်ငန်းလိုင်စင်ရရှိသူ/သူများ
၂။ လိုင်စင်ရနေရာ၏ နေရာပြမြေပုံညွှန်း (မြေပုံတွင် ညွှန်းလိုသည့်နေရာကို ပြဆိုထားသည့် ကိုဩဒိနိတ်)
၃။ လျှောက်ထားသည့်နေ့စွဲ၊ လုပ်ကိုင်ခွင့်ပေးသည့်နေ့စွဲ၊ နှင့် လိုင်စင်သက်တမ်း နှင့်
၄။ ထုတ်လုပ်ခွင့်လိုင်စင်ဖြစ်ပါက ထုတ်လုပ်သည့် ပစ္စည်းအမျိုးအစား

လက်ရှိမှတ်ပုံတင်စနစ်သည် ဖော်ပြပါ အားနည်းချက်များ ရှိသည်။

၁၊ အင်တာနက်မှ တစ်ဆင့်ကြည့်ရှုနိုင်သော အခြေအနေမရှိခြင်း။
၂၊ တွင်းထွက်များလုပ်ငန်းလိုင်စင်များ လုပ်ပိုင်ခွင့်ဆိုင်ရာ လက်လွှဲလက်ပြောင်းပြုခြင်းကို ကွန်ပျူတာ စနစ်တွင် ထိန်းသိမ်းခြင်းမရှိခြင်း။
၃၊ လိုင်စင်များ၏ စာရင်းများအား ကွန်ပျူတာစနစ်ဖြင့် သိမ်းဆည်းထားခြင်းမရှိဘဲ စာရွက်ကို အခြေခံသော (manual) စနစ်ဖြင့်သာ ထိန်းသိမ်းခြင်း၊
၄၊ လိုင်စင်များ၏ နံပါတ်စဉ်ပေးသည့် စနစ်တွင် စနစ်တကျ ကြိုတင်နံပါတ်များဖြင့် သတ်မှတ်ထားခြင်း မရှိခြင်း။

လိုအပ်သည့် လိုင်စင်ဆိုင်ရာ သတင်းအချက်အလက်များကို တစ်နေရာတည်းတွင် သိမ်းဆည်းနိုင်သော အင်တာနက်အခြေခံကွန်ပျူတာမှတ်ပုံတင်စနစ် (Mining Cadastre) ကို အသုံးပြုရန် အကြံပြု တိုက်တွန်းပါသည်။ ဤစနစ်ရှိခြင်းအားဖြင့် လိုင်စင်ရလုပ်ငန်းများအားလုံး၏ သက်ဆိုင်ရာအသေးစိတ် အချက်အလက်များကို လွယ်ကူစွာ အစီရင်ခံထုတ်ပြန် ထုတ်နိုင်မည်ဖြစ်သည်။ ထို အင်တာနက် အခြေခံကွန်ပျူတာမှတ်ပုံတင်စနစ် (Mining Cadastre) တွင် ခွင့်ပြုထားသည့်လုပ်ငန်းများ၏ မြေပုံညွှန်း အချက်လက်၊ လုပ်ငန်းလိုင်စစ်လွှဲပြောင်းခွင့်အချက်အလက်များ နှင့် ပေးသွင်းရသည့်ငွေကြေးပမာဏတို့ ပါဝင်သင့်သည်။ သတ္တုတွင်းဝန်ကြီးဌာန နှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ လိုင်စင်များဆိုင်ရာ အသေးစိတ် အချက်အလက်များမှ မှတ်ပုံတင်စနစ် တစ်ခုတည်းတွင်းရှိသင့်သည်။

## ၇.၄ အစိုးရ စာရင်းအင်း စနစ်များ

စာရင်းတိုက်ဆိုင်စစ်ဆေးသည့်ကာလအတွင်း သိရှိရသည်မှာ လက်ရှိ အစိုး၏ စာရင်းအင်းစနစ်တွင် သက်ဆိုင်ရာ အစိုးရဌာနများအနေဖြင့် EITI ဆိုင်ရာအချက်အလက်များထုတ်ပြန်ရာတွင်လွယ်ကူမှုရှိစေရန် EITI လုပ်ငန်းစဉ်၏ လိုအပ်ချက်အရ အချက်အလက်ထုတ်ပြရမည့် မူဘောင် နှင့် အစဉ်အမြဲ ဟန်ချက်ညီမှု မရှိပေ။

ဘဏ္ဍာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနများ လက်အောက်ရှိ ဌာနများ နှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများတွင် စာရွက်ကိုအခြေခံကာ လက်ဖြင့်ရေးသွင်းသည့်စနစ်များ(Manual)ကို ကျင့်သုံးနေဆဲဖြစ်သည်။ ထိုစနစ်များသည် သတင်းအချက်အလက်ထည့် သွင်းရာတွင် အချိန်ကုန်ခြင်း နှင့် အမှားရေးသွင်းရန် အခွင့်အလမ်းများရှိစေပါသည်။ ထို့အတွက်ကြောင့် သတင်း အချက်အလက်များ နှင့် ဝင်ငွေများကို စီမံ ထိန်းချုပ်ရာတွင် အစိုးရ အနေဖြင့် အခက်အခဲများစွာရှိပါသည်။
အစိုးရဌာနများသည် အခွန်စည်းကြပ်နံပါတ် (Tax Identification Number) ကိုအသုံးမပြုပါ။ အခွန်ပေးသွင်းမှုများ၏ အများစုသည် ကုမ္ပဏီအမည်ဖြင့်သာမှတ်တမ်းတင်ကြသည်။ အခါများစွာ

ကုမ္ပဏီနာမည်စာလုံးပေါင်း မှားခြင်းကြောင့်လည်းကောင်း၊ ကုမ္ပဏီနာမည် စာလုံးပေါင်း ဆင်တူနေသည့် အတွက်လည်းကောင်း၊ ကုမ္ပဏီ နာမည်မှားယွင်းပြီး အခွန် ပေးသွင်းမှုများရှိတတ်ပါသည်။ ထိုသို့ မှားယွင်းတတ်မှုများကြောင့် အခွန်ပေးသွင်းရာတွင် အလုပ်ပိုများတက်ပါသည်။

အစိုးရအနေဖြင့် သတင်းအချက်အလက်များ မှတ်တမ်းတင်ထိန်းသိမ်းရန်နှင့် အခွန်နှင့် ဝင်ငွေများကို ထိန်းချုပ်နိုင်ရန်သင့်တော်သည့် ကွန်ပျူတာစံနစ်ကိုသုံးဆွဲရန် ကြံပြုတိုက်တွန်းသည်။ ပြည်တွင်း အခွန်များ ဦးစီးဌာနအနေနှင့် မလိုလားအပ်သည့် ရှုပ်ထွေးမှုများ နှင့် အမှားများရှောင်ရှား နိုင်ရန် အတွက် အခွန်ပေး ဆောင်သူအားလုံးအတွက် အခွန်စည်းကြပ်နံပါတ် (Tax Identification Number - TIN) သုံးသည့်စံနစ်ကိုပြောင်းလဲကျင့်သုံးရန် အကြံပြုတိုက်တွန်းပါသည်။ TIN စနစ်ကို ကျင့်သုံးခြင်းဖြင့်သည် အစီရင်ခံစာများအတွက်လိုအပ်သည့် သတင်းအချက်အလက်များကို လျင်မြန်ထိရောက်စွာ ထုတ်ပြန်နိုင်မည် ဖြစ်ပါသည်။

## ၇.၁၀ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးစာရင်း (ဘက်ဂျတ်) ကျယ်ပြန့်မှုနှင့် ပွင့်လင်းမြင်သာမှု

EITI စံနှုန်းအရ EITI အစီရင်ခံစာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးစာရင်း (ဘတ်ဂျတ်) တွင် ဖော်ပြထားသော ငွေသားဖြင့်ရရှိခြင်း (in-cash) နှင့် ပစ္စည်းဖြင့် ကောက်ခံရရှိခြင်း (in-kinds) အစရှိသည့် တွင်းထွက် သယံဇာတတူးဖော်ရေးလုပ်ငန်း ဝင်ငွေများကိုဖော်ပြရမည်။ အကယ်၍ တွင်းထွက် သယံဇာတ ကဏ္ဍမှ ရရှိသောဝင်ငွေများသည် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးစာရင်း (ဘက်ဂျတ်) တွင် ထည့်သွင်း မှတ်တမ်းတင်ခြင်း မပြုပါက ထိုငွေအား မည်သို့ခွဲဝေသုံးဆွဲကြောင်း ရှင်းလင်း တင်ပြ ရမည်။

၂၀၁၃/၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးစာရင်း (ဘက်ဂျတ်) အရ၊ ဝင်ငွေများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ နှင့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ စသည်ဖြင့် အဖွဲ့အစည်းအလိုက် တင်ပြထားကြသည်။ ၂၀၁၃/၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘက်ဂျတ်တွင် တွင်းထွက်သယံဇာတတူးဖေါ်ရေး ကဏ္ဍ မှ ရရှိသည့် ဂင်ငွေကို အသေးစိတ် ခေါင်းစဉ်အလိုက် ဖော်ပြထားခြင်းမရှိပါ။ ဝန်ကြီးဌာနများ သို့မဟုတ် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများသည် သက်ဆိုင်ရာ အဖွဲ့အစည်းများဆောင်ရွက်သည့် ကဏ္ဍများ အားလုံး၏ ဂင်ငွေများကို တပေါင်းတစည်းထဲ ဖေါ်ပြထားကြသည်။ ထို့ကြောင့် နိုင်ငံ့ဝင်ငွေတွင် တွင်းထွက် သယံဇာတတူးဖေါ်ရေးကဏ္ဍမှ ပါဝင်မှု ကိုမသိရှိနိုင်တော့ပါ။

ထို့အပြင် ဘတ်ဂျတ် စနစ်တွင် " အခြားငွေစာရင်း" ခေါင်းစဉ်ကို အလွန်အမင်း အသုံးပြု ထားသည်ကို တွေ့ရသည်။ အဆိုပါ "အခြားငွေစာရင်း"များသည် မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်းဖွင့်ထားသည့် ဝန်ကြီးဌာနများနှင့် နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ၏ စာရင်းများဖြစ်ပြီး ထိုအဖွဲ့ အစည်းများ၏ အရင်း အမြစ်များအဖြစ် အသုံးပြုသည်။ ထိုစာရင်းများ၏ ဆောင်ရွက်ပုံစံနစ်များနှင့် အသေးစိတ် အသုံးပြုပုံများကို မသိရှိပါ။ ထို့ကြောင့် EITI စံနှုန်း လိုအပ်ချက် ၃.၆ အရ လိုအပ်သည့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ နှင့် အစိုးရအကြား ငွေပေးငွေယူဆိုင်ရာ စည်းမျဉ်းစည်းကမ်း နှင့် လုပ်ထုံးလုပ်နည်းများ၊ အမြတ်ငွေ ထိန်းသိမ်းခြင်း၊ ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းနှင့် အခြားအဖွဲ့အစည်း တစ်ရပ်ရပ်သို့ ချေးငွေပေးအပ်ခြင်း စသည့်လုပ်ငန်းများကို တိုက်ဆိုင်စစ်ဆေးသူ (IA) အနေဖြင့် တိကျစွာ ရှင်းလင်းတင်ပြနိုင်ခြင်း မပြုလုပ်နိုင်ခဲ့ပါ။

နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးစာရင်း (ဘက်ဂျတ်) လုပ်ငန်းစဉ်များ ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ကျယ်ပြန့်စွာပါဝင်လာနိုင်စေရန် ဘဏ္ဍာရေးဝန်ကြီးဌာနသည် တွင်းထွက်သယံဇာတတူးဖေါ်ရေး လုပ်ငန်းများက ရရှိသည့်ဂင်ငွေကို သီးခြားခွဲထုတ်ပြီး သာမန်ဘတ်ဂျတ်ခေါင်းစဉ်(Normal Budgetary) အနေဖြင့်

ဖော်ပြနိုင်ရန်နှင့် ဘတ်ဂျတ်မှ "အခြားငွေစာရင်း" များနှင့်ပတ်သက်၍ သတင်း အချက်အလက်များ ပိုမိုထုတ်ပြန်ပေးနိုင်ရန် အကြံပြု တိုက်တွန်းသည်။

## ၇.၁၁ EITI အစီရင်ခံစာတင်ပြခြင်း လုပ်ထုံးလုပ်နည်းများကို ဥပဒေဖြင့်ပြဋ္ဌာန်းသတ်မှတ်ခြင်း

မြန်မာနိုင်ငံ EITI အကောင်အထည်ဖော်ခြင်း ကို နိုင်ငံတော်သမ္မတအမိန့်အမှတ် ၉၉/၂၀၁၂ ဖြင့် ဒီဇင်ဘာလ ၂၀၁၂ ခုနှစ်တွင် တရားဝင်ထုတ်ပြန်ခဲ့ပြီး အစိုးရ၏ EITI ကို အကောင်အထည်ဖော် ဆောင်ရွက်သည့်ဆန္ဒနှင့် သန္နိဋ္ဌာန်ကို ဖော်ပြခဲ့ပါသည်။ သို့ရာတွင် EITI အစီရင်ခံစာတင်သွင်းမှုဆိုင်ရာ ဆောင်ရွက်ရမည့် ဂတ္တရားများ ကို အခြားမည်သည့် လက်ရှိကျင့်သုံးနေသည့် ဥပဒေများတွင်မှ ပြဋ္ဌာန်းထားခြင်းမရှိပါ။ ဤ အခြေအနေကြောင့် EITI ဆိုင်ရာ အချက်အလက် ထုတ်ပြန်တင်သွင်းရမည့် ကုမ္ပဏီများမှ နှောင့်နှေးနိုင်ပြီး တွင်းထွက်သယံဇာတ လုပ်ငန်းများအပေါ် လွှမ်းခြုံဆက်စပ်နေသော အချက်အလက် ဖော်ပြချက်များရရှိမှု ကြန့်ကြာစေခဲ့သည်။

လက်ရှိကျင့်သုံးနေသည့် ဥပဒေများနှင့်လိုက်လျောညီထွေရှိစေမည့် EITI ဥပဒေတစ်ခု ရေးဆွဲခြင်း အပါအဝင်လိုအပ်သည့် ဥပဒေမူဘောင်တစ်ခုရေးဆွဲရန် တိုက်တွန်းအကြံပြုပါသည်။ ထိုဥပဒေတွင် ဖော်ပြပါ အကြောင်းအရာများပါဝင်ရန်လိုအပ်ပါသည်။

- အစိုးရအဖွဲ့အစည်းများအပါအဝင် တွင်းထွက်သယံဇာတထုတ်ယူသည့် ကုမ္ပဏီများ အစီရင်ခံစာ တင်သွင်းရမည့် ဂတ္တရားများကို ထည့်သွင်းပြဋ္ဌာန်းရန်နှင့် ထုတ်ပြန်မည့် ကိန်းဂဏန်း၏ အဆင့်လိုက် အသေးစိတ် စုစုစည်းစည်းမရှိခြင်း (level of disaggregation) ကို သတ်မှတ်ခြင်း၊
- သတင်းအချက်အလက်များထုတ်ပြန်သည့်မူဘောင်(template) နှင့် ညွှန်ကြားချက်များ နှင့် အစီရင်ခံစာတင်သွင်းရန်လိုအပ်သည့်လုပ်ငန်းများရွေးချယ်ခြင်း နှင့် စာရင်း တိုက်ဆိုင်သည့် လုပ်ငန်းများစဉ် အားလုံး ပြီးဆုံးခြင်း စသည်တို့ ပါဝင်သည့် အချိန်ဇယား၊

## ၇.၁၂ လိုင်စင်များခွဲဝေချထားပေးခြင်း

EITI စံနှုန်းအရ အစီရင်ခံစာရေးဆွဲခြင်း ကိုယ်စားပြုသော ကာလအပိုင်းအခြားတွင် ဖြစ်ပေါ်ခဲ့သော လုပ်ငန်းလိုင်စင်ခွင့်ပြုခဲ့မှုများ၊ လက်လွှဲလက်ပြောင်းခွင့်ပြုခဲ့မှုများကို တင်ပြထားရန်လိုအပ်သည်။ ထို တင်ပြချက်တွင် လိုင်စင်ခွင့်ပြုခဲ့မှုအတွက် အကဲဖြတ်ရာတွင်ထည့်သွင်းစဉ်းစားသည့် နည်းပညာ နှင့် ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များ၊ ထို လုပ်ပိုင်ခွင့် လိုင်စင်ရရှိသူ/ အဖွဲ့အစည်း၏ သတင်း အချက်အလက်များ၊ လိုင်စင်လွှဲပြောင်းခြင်း သို့မဟုတ် လိုင်စင်ချထားပေးခြင်း နှင့် သက်ဆိုင်သည့် ဥပဒေ လုပ်ထုံး လုပ်နည်းများကို အသေးစိတ်တိတိကျကျဖော်ပြရန် လိုအပ်သည်။

လက်ရှိ သတ္တုတွင်းဥပဒေသည် လေလံယှဉ်ပြိုင်မှု စနစ်ဖြင့် လိုင်စင်ချထားပေးခြင်း (Bidding) သို့မဟုတ် "အရင်ခွင့်ပြုမိန့်လျှောက်သူ အရင်ရ" (first come, first served) စနစ် စသည်တို့နှင့် ပတ်သက်သည့် ကိစ္စများကိုရှင်းလင်းစွာ ဖွင့်ဆိုထားခြင်းမရှိပါ။ သို့ရာတွင် စမ်းသပ်တိုင်းတာ ရှာဖွေရေးလိုင်စင်ရရှိသူက သတ္တုသိုက်တွေ့ရှိပါက ထုတ်ယူခွင့်လိုင်စင်ချထားပေးရန် အာမခံချက်ပေး ထားပါသည်။

သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် လက်ရှိကျင့်သုံးနေသည့် ဥပဒေများတွင် လိုင်စင်ချထားပေးသည့် လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် ပြန်လည်သုံးသပ်ရန်နှင့် လိုင်စင်ချထားပေးမှုများတွင်လည်း လေလံ ယှဉ်ပြိုင်မှုစနစ်မှ အမြင့်ဆုံးဆုံးဈေး ပေးနိုင်သူကိုသာ ရွေးချယ်ရန် အကြံပြုတိုက်တွန်းသည်။ သို့မှသာ ပွင့်လင်းမြင်သာမှုကို အာမခံနိုင်ပြီး ဝင်ငွေလည်းတိုးတက်ရရှိလာမည်ဖြစ်သည်။

## ၇.၁၃ ထုတ်လုပ်အပေါ် ဆိုင်ရာခွဲဝေခြင်းစာချုပ်များ(PSCs)မှ လျှို့ဝှက်ချက်ဆိုင်ရာပြဌာန်းချက်များ။

စွမ်းအင်ဝန်ကြီးဌာနသည် ထုတ်ပြန်ထားသော ထုတ်လုပ်မှုအပေါ်ခွဲဝေခြင်းစာချုပ် နမူနာတွင် စာချုပ်တွင် ပါဝင်လက်မှတ်ထိုးထားသော မြန်မာရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းနှင့် လုပ်ငန်း လုပ်ကိုင်သူ (ကန်ထရိုက်တာ)များအကြားတွင် စာချုပ်ပါအချက်အလက်များကို လျှို့ဝှက်ထားရမည်ဟု ပြဌာန်းချက်ရှိပါသည်။ ဤ အစီရင်ခံစာအတွက် စာရင်းတိုက်ဆိုင်စစ်ဆေးသည့်လုပ်ငန်းစဉ်မတိုင်မီတွင် မြန်မာရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းမှ MEITI နယ်ပယ်ပါကုမ္ပဏီများတစ်ခုချင်းစီကို နှင့် စာချုပ်ပါ ကန့်သတ်ချက်များကို နားလည်မှုစာလွှာဖြင့် ကျော်လွှားခဲ့သည်။

သို့ရာတွင် ရေရှည်လိုအပ်ချက်အရ အဆိုပါ ပြဌာန်းချက်များကို EITI အစီရင်ခံစာထုတ်ပြန်ရန် ရည်ရွယ်ချက်များအတွက် ပြင်ဆင်သင့်ပြီး မြန်မာ့ရေနံ နှင့် သဘာဂဓါတ်ငွေ့လုပ်ငန်း နှင့် လုပ်ငန်းလုပ်ကိုင်သူ (ကန်ထရိုက်တာ) များအနေဖြင့် EITI အစီရင်ခံစာအတွက် အချက်အလက် ထုတ်ပြန်ရန် တရားဝင်လိုအပ်ချက်အနေဖြင့် ပြင်ဆင်ပြဌာန်းသင့်သည်။ အဆိုပါ ပြင်ဆင်ချက်များကို အနာဂတ်စာချုပ်များနှင့် လက်ရှိညှိနှိုင်းဆဲ စာချုပ်များတွင် ထည့်သွင်းရန် စဉ်းစား သင့်သည်။

## ၇.၁၄ ဒေသန္တရအဆင့်တွင် ပွင့်လင်းမြင်သာမှုကို အားကောင်းအောင်ပြုလုပ်ခြင်း။

လက်ရှိတွင် မြန်မာနိုင်ငံတွင် တွင်းထွက်သယံဇာတ တူးဖော်ရေးလုပ်ငန်းများကြောင့် ရရှိလာသည့် ငွေကြေးများကို တိုင်းဒေသကြီး နှင့် ပြည်နယ်များ၊ ဒေသခံပြည်သူများကို ခွဲဝေပေးသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းမရှိပါ။ ဒေသအချို့တွင် တရားမဝင် သတ္တုတူးဖော်ခြင်းကြောင့် ကျန်းမာရေး ထိခိုက်စေခြင်း၊ သဘာဂပတ်ဂန်းကျင် ပျက်စီးခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းမှု စံချိန်စံညွှန်းများ အတိုင်းလိုက်နာဆောင်ရွက်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုမှုအားနည်းခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှု အချို့စသည့် ပြဿနာများနှင့်ရင်ဆိုင်နေရသည်။

တွင်းထွက်သယံဇာတတူးဖော်ရေးကဏ္ဍတွင် ပွင့်လင်းမြင်သာမှုခိုင်မာအားကောင်းလာစေရန်နှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ကို မြှင့်တင်နိုင်ရန် နှင့် ရရှိလာသည့် ဂင်ငွေကိုလည်း ဗဟိုနှင့် ဒေသန္တရအဆင့်အကြား မျှတစွာခွဲဝေသုံးစွဲသည့် စနစ်တစ်ခုထူထောင်ပေးနိုင်ရန်အတွက် လက်ရှိ ကျင့်သုံးနေသည့် သတ္တုတွင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ရန် အကြံပြု တိုက်တွန်းသည်။

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ်များတွင် ပြည်နယ် နှင့် တိုင်းဒေသကြီးအဆင့် EITI ဆိုင်ရာ လုပ်ငန်း ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Sub-national units) တည်ထောင်မှု ပြုလုပ်နေပါသည်။ ထိုဖြစ်စဉ်သည် တွင်းထွက် သယံဇာတတူးဖော်မှု မှရရှိလာသည့် ဂင်ငွေအပေါ် ခွဲဝေသုံးစွဲမှု နှင့် ကောက်ခံရရှိမှု၊ သဘာဂပတ်ဂန်းကျင် နှင့် လူမှုရေးဆိုင်ရာ နောက်ဆက်တွဲ ကိစ္စရပ်များကို တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဒေသဆိုင်ရာ ဆွေးနွေးပွဲ များအတွက် များစွာ အထောက်အကူဖြစ်စေပါသည်။ ဒေသန္တရဆိုင်ရာ အရင်းအမြစ်စီမံခန့်ခွဲမှုတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (GAD) ၏ ပူပေါင်းပါဝင်ခြင်းသည် အနာဂတ် ပွင့်လင်းမြင်သာမှုများ ပိုမို ဖြစ်ပေါ်စေရန် အားထုတ်ကြိုးပမ်းမှုများတွင် သက်ရောက်နိုင်မည်ဖြစ်သောကြောင့် ပါဂင်ရန် အကြံပြု တိုက်တွန်းသည်။